# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၀၀)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒုတိယမြောက်အယ်လဇ္ဇဘက်ဘုရင်မကြီးထံ သဝဏ်လွှာပေးပို့

**ရန်ကုန် မေ ၂၁**

၂၀၀၅ခုနှစ် မေ ၂၁ ရက်တွင် ကျရောက်သည့် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မကြီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တိပိဋကဓရ ဆရာတော်ကြီးများအား ပူဇော်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး တက်ရောက်ကြည်ညိုပူဇော်

**ရန်ကုန် မေ ၂၀**

တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ငါးပါး၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်သုံးပါးနှင့် တိပိဋကဓရ ဆရာတော်နှစ်ပါး ပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညိုပူဇော်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●



## နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်စေရေး ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနေ လယ်မြေကေနှစ်သောင်းကျော် ဆည်ရေပေးဝေနိုင်ပြီး ဒေသသုံး ရေအားလျှပ်စစ်ပါ ထုတ်ယူမည့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ရှိ ကွန်ချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း

**ရန်ကုန် မေ ၂၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် နိုင်ငံတော်၏ အဓိကစီးပွားရေးတိုးတက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတစ်ဝန်း ဆည်မြောင်းတာတမံများကို စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မြို့နယ်အများစုသည် ဒေသအခြေအနေအရ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသည့်အတွက် နိုင်ငံတော်အကြီးအကဲက အဆိုပါဒေသများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံ၏ အခြေခံဖြစ်သော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားခဲ့ရာ ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ကွန်ချောင်းရေလှောင်တမံ စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ■

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး မကြာမီဖွင့်လှစ်မည့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ကွန်ချောင်းရေလှောင်တမံကြီးကို မေ ၁၀ ရက်က ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–
သိန်းဝင်းလေး
(မြန်မာ့အလင်း)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း [redacted]

## အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

# တိုင်းရင်းသားပြည်သူများစားဝတ်နေရေးဖူလုံပြည့်စုံစေရေး စီမံကိန်းလုပ်ငန်းများ ပြည့်မြောက်ကျော်လွန်အောင်ကြိုးပမ်း

တပ်မတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝပြည်စုံရေး၊အနာဂတ်ကောင်းမွန်ရေး စသည့်လိုအပ်ချက်များ ပြည့်စုံစေရန် အခြေခံအဆောက်အအုံများကို စီမံကိန်းများချမှတ်၍ ဘက်စုံ၊ ကဏ္ဍစုံ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတာတမံများကို လိုအပ်သည့်နေရာတိုင်း၌ အစုအဖွဲ့လိုက် တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ ဆည်တမံပေါင်း ၁၇၂ခုကို တည်ဆောက်ပေးခဲ့ပြီး စီမံကိန်း ၃၁ခုကို ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်စတင်ယူသည့် အချိန်မှစ၍ တစ်လလျှင် တစ်ဆည်ကျဖြင့် ဆည်တမံများ တည်ဆောက်ပေးလျက်ရှိသည့်နည်းတူ စိုက်ပျိုးမြေတိုးတက်လာစေရန်လည်း ကြိုးပမ်းဖော်ဆောင် ခဲ့သည်။ နိုင်ငံအတွင်းရှိ စိုက်ပျိုးမြေဧကသည် ၁၉၈၈ခုနှစ်က ၂၄ဒသမ၈သန်း ရှိခဲ့ရာမှ ယခုအခါ ၂၆ဒသမ၆သန်းအထိ တိုးတက်လာခဲ့ပြီး စိုက်ပျိုးရေးစွမ်းအားလည်း သိသိသာသာ မြင့်မားလာခဲ့ကြောင်း တွေ့ရသည်။

ယင်းကဲ့သို့ စိုက်ပျိုးရေးစွမ်းအား တိုးတက်မြင့်မားလာသည့်အတွက် လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံရုံမျှသာမက နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ ဖြည့်ဆည်းပေးနိုင်မည့် အလားအလာကောင်းများ ရရှိနေပြီဖြစ်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဧပြီလ ၁၁ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည့် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားရာ၌-

**"ယနေ့ဆိုရင် လူဦးရေ ၅၄သန်းအတွက် ဆန်စပါးဟာ ဖူလုံတဲ့အပြင် ပိုလျှံနေပြီ ဖြစ်တယ်။ နောင်နှစ်ပေါင်း ၃၀မှာ ဖြစ်ပေါ်လာမယ့် တို့ရဲ့သားစဉ်မြေးဆက်ဖြစ်တဲ့ လူဦးရေ သန်းတစ်ရာကျော် အတွက်ပင်လျှင် ရည်မှန်းပြီး အနှစ်၃၀ စီးပွားရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိတာ ဖြစ်တယ်။ ထို့အတူပဲ တိုင်းရင်းသားတွေအပေါ် စေတနာအပြည့်အဝထားပြီး ဒေသအလိုက် ဆန်စပါးဖူလုံရေးအတွက်လဲ ကြိုးပမ်းဆောင်ရွက်လျက် ရှိတယ်။"**

ဟုပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ့စီးပွားရေးတိုးတက်မြင့်မားစေရန်အတွက် အနှစ် ၃၀နှစ်ရှည်စီမံကိန်းကို ရေးဆွဲချမှတ် ဖော်ဆောင်လျက်ရှိရာ ယခုအခါ တတိယကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ စီးပွားရေး တိုးတက်မှုသည် လျာထားချက်ထက်ကျော်လွန်ကာ အောင်မြင်လျက်ရှိသည်။

စီးပွားရေး မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို ကွန်ရက်ပမာ သတ်မှတ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်စတင်ယူစဉ်ကပင် ပြည်သူတစ်ရပ်လုံး၏ လူမှုဘဝ မြင့်မားစေရေး၊ စားဝတ်နေမှု ဖူလုံရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ် ဖော်ဆောင်ခဲ့ရာ ပြည်သူများကလည်း နိုင်ငံတော်၏ စေတနာကို နားလည်သိမြင်ပြီး တက်ညီလက်ညီ ပူးပေါင်းပါဝင်ခဲ့ကြ၍ အခက်အခဲများ ကျော်လွှားကာ အောင်မြင်မှုများကို ရရှိခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေး ဖူလုံစေရန်အတွက် စိုက်ပျိုးမြေဧက တိုးချဲ့ရေး၊ စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးစွမ်းအားမြင့်မားရေး၊ မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်ခဲ့သည့်အပြင် မိရိုးဖလာ စိုက်ပျိုးရေးစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် ကြိုးပမ်းလျက် ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားဝတ်နေရေး ဖူလုံပြည့်စုံရေးအတွက် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြည့်မြောက်ကျော်လွန်ရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးက နိုင်ငံတော်နှင့်လက်တွဲကာ ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၁-၄-၂၀၀၅
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄း၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Input Output Analysis. (ဒုတိယနှစ်-စီးပွားရေး)
- ၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၄၂)
- ၆း၄၅ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွာနဲ့ကြမ္မာ"** (အပိုင်း-၁၄)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြဝတီရဲ့ မြဝတီ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၁၉)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့ သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၀**

ရှင်သာမဏေ ဓမ္မဗိမာန် သာသနာ့ ဝန်ဆောင်အဖွဲ့၏ ၂၀၀၄ ခုနှစ်အတွက် သင်းလုံးကျွတ်အစည်းအဝေးကို ဧပြီ ၂၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရှင်သာမဏေ ဓမ္မဗိမာန် အာဇာနည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးနှင့်အတူ ပိဋကတ် မြန်မာပြန်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ပွဲနှင့် ၂၀၀၄ခုနှစ် အစိုးရ အဘိဓမ္မာစာမေးပွဲအောင်လက်မှတ် ပေးအပ်ပွဲကို ပူးတွဲကျင်းပမည်ဖြစ်၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသား အားလုံးနှင့် စာမေးပွဲ အောင်မြင်သူများအားလုံး မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**

## တက်တူရေလှောင်တမံနှင့် တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်း မကွေးတိုင်းဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၀

**မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂ရက်မွန်းလွဲပိုင်းက စလင်းမြို့နယ် ဂွင်ကျင်းကျေးရွာအနီးရှိ တက်တူရေလှောင်တမံသို့ ရောက်ရှိပြီး တမံအတွင်းရေသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် စလင်းမြို့နယ် တညောင်ဒေသရှိ တညောင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ရေတင်ဧရိယာ အတွင်း နွေစပါးဧက ၂၀၀၀ စိုက်ပျိုးရန် လျာထား၍ ၁၅၇၅ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေက စိုက်ပျိုးရေပေးဝေနေမှုနှင့် ရေတင်စက်များ ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### အကျယ်တဝင့်ရှင်းလင်း

ဧပြီ ၃ ရက် နံနက်ရနာရီတွင် တိုင်းဥက္ကဋ္ဌသည် ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပခုက္ကူခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ဂန့်ဂေါ-ကလေးလမ်းမကြီး ဂန့်ဂေါမြို့နယ်အပိုင်း မိုင်တိုင်အမှတ်(၁၇/၁)နှင့်(၁၇/၂) အကြား ပနဲချောင်း တံတားတည်ဆောက်နေမှုနှင့် မိုင်တိုင်အမှတ်(၂၆/၁)နှင့် (၂၆/၂)အကြား နှမ်းခါးချောင်းတံတားတည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ ဂန့်ဂေါမြို့နယ် ရေရှင်းကျေးရွာတွင် တော်ဝင်ချောင်းရေကိုအသုံးပြု၍ နွေစပါး ၉၄ဧက စိုက်ပျိုးထားရှိမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### မှာကြား

ဆက်လက်၍ တိုင်းဥက္ကဋ္ဌသည် ဂန့်ဂေါမြို့နယ် တောင်ခင်ရမ်းဆည်ရေသောက် ဧရိယာအတွင်း နွေစပါးများစိုက်ပျိုးထားရှိမှုအခြေအနေကိုလည်းကောင်း ဂန့်ဂေါ-ကလေးလမ်းမကြီး၊ ဂန့်ဂေါမြို့နယ်အပိုင်း မိုင်တိုင်အမှတ်(၂၈/၂)မှ(၄၄/၇)အထိလမ်းအူကြောင်းအသစ် ဖောက်လုပ်နေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဂန့်ဂေါမြို့နယ် ကန်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသဆောင်များ၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များ၊ ဆေးရုံဝင်းအတွင်း သံဃာ့ဆေးရုံတည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### မြစ်သာရေလှောင်တမံ

ဧပြီ၅ရက် နံနက်ပိုင်းက တိုင်းဥက္ကဋ္ဌသည် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာမြစ်ကို ပိတ်၍ တည်ဆောက်နေပြီး ရေသိုလှောင်နိုင်မှု ပမာဏ ဧကေ ၃၇၇၆၀၀၊ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်မည့် မြစ်သာရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက ကုန်းကြောတမံများ တည်ဆောက်နေမှု၊ ပင်မတမံစတင် တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ထီးလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ လည်းကောင်း၊ ထီးလင်းမြို့နယ် နွေစပါးဧက ၁၄၀၀ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှု အခြေအနေကိုလည်းကောင်း၊ ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်ရှိ အမှတ်(၁)ပေါက်တံတား (အုန်းတော)နှင့် အမှတ်(၂)ပေါက်တံတား (ရေပြာ) တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နှစ်သစ်မင်္ဂလာသက်ကြီးပူဇော်ပွဲ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်တက်ရောက် အဘိုးအဘွားများအား လက်ဆောင်ပစ္စည်းနှင့်ထောက်ပံ့ငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၂၀

**တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဧပြီ ၁၇ ရက် နံနက် ၇ နာရီက မြိတ်မြို့ စန္ဒာဝတီကုန်းတော်ရှိ သမုဒ္ဒဂီရိရေကန်တော်၌ကျင်းပသည့် ၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အစီအစဉ်အရ တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် နေရာယူကြပြီး တိုင်းမှူးနှင့် ဇနီးတို့က ဦးဆောင်၍ ဇီဝိတဒါန ကုသိုလ်တော်အဖြစ် ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀ နှင့် ရေချိုလိပ် ၁၇ ကောင် တို့ကို သမုဒ္ဒဂီရိရေကန်တော်အတွင်းသို့ လွှတ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် စန္ဒာဝတီကုန်းတော်ပေါ်ရှိ မြိတ်မြို့၏ ကျက်သရေဆောင် ရွှေတိဂုံပုံတူ မဟာသိဒ္ဓိဇယစေတီတော်သို့ ရောက်ရှိပြီး စေတီတော်လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်သည်။

### ရှင်းလင်းပြောကြား

ထို့နောက် တိုင်းမှူးသည် အဆိုပါ စန္ဒာဝတီကုန်းတော်ပေါ်ရှိ အမရဝတီ သာသနာ့ဗိမာန်တော်၌ ကျင်းပသည့် နှစ်သစ်မင်္ဂလာ သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အခမ်းအနားကို သာရေသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်က သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ဘိုးဘွားများအား ကန်တော့ကြပြီး အဘိုးအဘွားများ ကိုယ်စား အဘိုး ဦးချစ်လှိုင်က ဆုတောင်းမေတ္တာ ပြန်လည်ပို့သပြီး နောက် တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများက အဘိုးအဘွားများအား လက်ဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သက်ကြီးပူဇော်ပွဲသို့ အသက် ၇၅နှစ်အထက်အဘိုး ၁၆၆ဦး၊ အဘွား ၂၈၇ဦး စုစုပေါင်း ၄၅၃ ဦး တက်ရောက်ကြပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များက အဘိုးအဘွားများအား စုစုပေါင်းငွေကျပ် ၄၅သိန်း သုံးသောင်းနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးသည် မြိတ်မြို့ ဘုရားကိုးဆူကျောင်းတိုက်၊ အောင်မြေသုခကျောင်းတိုက်၊ ရွှေတောင်ကျောင်းတိုက်၊ စံကျောင်းတိုက်နှင့် တောကျောင်းပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

### တက်ရောက်ကြည်ညို

ညနေပိုင်းတွင် တိုင်းမှူးသည် မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီးရှိ ဗုဒ္ဓသာသနာ့ဗိမာန်တော်၌ ကျင်းပသည့် ၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ အခမ်းအနားသို့ တက်ရောက် ကြည်ညိုသည်။ **(သတင်းစဉ်)**

● **ရှေ့ဖုံးမှ**

### တက်ရောက်ကြည်ညိုပူဇော်

အခမ်းအနားသို့ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရနှင့် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက (ယော) ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အလှူရှင်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

### အရဏ်ဆွမ်းဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ သံဃာတော်များ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များသည် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြသည်။

### ငါးပါးသီလခံယူဆောက်တည်

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

### လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက(ယော)ဆရာတော်ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းဆောင်ကြီးအတွက် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ အာရာမိဿရ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသ ဆရာတော်ကြီးအား ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ဂျိုးမင်းသက်န်းတိုက်ပိုင်ရှင် ဦးနွေးအောင်–ဒေါ်တင်ဝိုင်း မိသားစုတို့က အလှူတော်ငွေကျပ် ၆၀၀၀၀၀ ကို ဆက်ကပ်လှူဒါန်းစဉ်။**

(က–ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁–၄–၂၀၀၅**
**(ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | အဖွင့် ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | သံဃဟေအတတ်ပညာ (အပိုင်း–၁) |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | နိုင်ငံတကာပိုက်ကျော်ခြင်း ပြိုင်ပွဲ |
| ၇း၃၀ | မြေလျှင်နှင့်ကမ်းသို့ ရိုက်ခတ်သော ရေလှိုင်းကြီးများ (ဆူနာမီ) |
| ၈း၁၅ | နိုင်ငံတကာသတင်း |
| ၈း၂၀ | အမွန်မြတ်ဆုံးလက်ဆောင် |
| ၈း၃၀ | တမာပိုးသတ်ဆေး |
| ၈း၄၀ | အားကစားနှင့်ကျန်းမာရေး |
| ၈း၅၀ | ပြည်တွင်းသတင်း |
| ၈း၅၅ | ဂီတလွင်ပြင် ရွှေပွင့်လွှာ |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | နိုင်ငံတကာသတင်း |
| ၉း၃၅ | Say It In English |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ | ပြည်ပသို့ထွက်ခွာခွင့်ပုံစံ(ဃ) (D) Formအကြောင်းသိကောင်းစရာ |
| ၁၀း၀၅ | ပြည်တွင်းသတင်း |
| ၁၀း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ | ဝါသနာရှင်စင်မြင့် |
| ၁၁း၀၀ | အပိတ် |

**အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီ Sarita Vihar ရှိ Pressline India Private Limited မှ Managing Director, Mr. Satish Bajwa က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

**ရန်ကုန် ဧပြီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီ Sarita Vihar ရှိ Pressline India Private Limited မှ Managing Director, Mr. Satish Bajwa သည် ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် စာတည်းမှူးချုပ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးတို့လည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## အထက(၁)စမ်းချောင်း အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၀**

အထက(၁)စမ်းချောင်း (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း–၂၄၃၇၄၈၊ ဦးညွန့်သန်း ဖုန်း–၅၀၁၉၁၉၊ ဦးလှအောင်ရွှေ (ရွှေမိသားစု) ဖုန်း–၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ၅၀၃၇၁၆၊ ဦးသက်ဦး ဖုန်း–၂၄၂၄၂၄၊ ဦးမောင်မောင်ဌေး ဖုန်း–၅၂၆၃၆၂ နှင့် ဦးစိုးနိုင် (အေးမေတ္တာ ကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း–၅၆၅၈၈၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နီပေါနိုင်ငံ၏ အနုပညာလက်ရာ ပစ္စည်းတင်ပို့မှု ပထမကိုးလအတွင်း ခုနစ်ရာခိုင်နှုန်း တိုးတက်

ခတ္တမန္ဒူ ဧပြီ ၁၉

**နီပေါနိုင်ငံ၏ လက်မှုအနုပညာ ပစ္စည်းတင်ပို့မှုသည် ယခုနှစ် ဘဏ္ဍာရေးနှစ် ပထမကိုးလအတွင်း ခုနစ်ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း နီပေါလက်မှုအနုပညာပစ္စည်း တင်ပို့ရောင်းချရေးအသင်း (အိတ်ချ်အေအန်)က ခတ္တမန္ဒူမြို့၌ တနင်္ဂနွေနေ့က ပြောကြားသည်။**

နီပေါလက်မှုအနုပညာ ကုန်ပစ္စည်း တင်ပို့မှုမှာ ၂၀၀၄ခုနှစ် ဇူလိုင်လလယ်မှ ဧပြီလလယ်အတွင်း နီပေါရူပီး ၂ဒသမ ၁ဘီလီယံ(အမေရိကန် ဒေါ်လာသန်း ၃၀)ဖိုးရှိရာ ယမန်နှစ် အလားတူကာလက နီပေါရူပီး ၁ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇ သန်း)ဖိုးနှင့် နှိုင်းယှဉ်ရာတွင် တိုးတက်ခဲ့ကြောင်း နီပေါအစိုးရ မဟုတ်သော အဖွဲ့တစ်ဖွဲ့က သတင်းကြေညာချက် တစ်ရပ်တွင် ဖော်ပြသည်။

နီပေါနိုင်ငံ၏ လက်မှုအနုပညာ ပစ္စည်းယူအေအီး၊ ချက်သမ္မတနိုင်ငံ၊ တိဗက်ဒေသနှင့်တရုတ်(တိုင်ပေ)သို့ တင်ပို့ရောင်းချခဲ့ရာ ၃၆၇၊ ၁၁၃၊ ၆၇၊ ၆၈ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း စာရင်းဇယားများအရ သိရှိရသည်။

## တိုးတက်

ထိုနည်းတူစွာ အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီသို့လည်း နီပေါအနုပညာလက်ရာပစ္စည်းများ အများဆုံးနှင့် ဒုတိယအများဆုံး တင်ပို့ခဲ့ရာ ငါးရာခိုင်နှုန်းနှင့် ၂၆ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်။

သို့ရာတွင် ဂျပန်နှင့် အီတလီသို့ တတိယနှင့် စတုတ္ထအများဆုံး တင်ပို့ခဲ့ရာ ပထမကိုးလအတွင်း ခြောက်ရာခိုင်နှုန်းနှင့် ကိုးရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# ၂၀၀၅ ခုနှစ် နယ်လှည့်သတင်းစာဆရာဆု ဆူနာမီသတင်းဖော်ပြသူ အမ်တီရာဇ်မူဘီလ်ရရှိ

မကာအို ဧပြီ ၁၉

**အရှေ့တောင်အာရှတွင်ဖြစ်ပွားခဲ့သော ဆူနာမီ ဘေးဒုက္ခသတင်းနှင့် ပတ်သက်ပြီး စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော “Travel Impact Newswire”သတင်းဌာနမှ အမှုဆောင် အယ်ဒီတာ အမ်တီရာဇ်မူဘီလ်သည် (၅၄)ကြိမ်မြောက် ပါတာနှစ်ပတ်လည်ညီလာခံက ၂၀၀၅ ခုနှစ် အာရှ-ပစိဖိတ်ခရီးသွားအဖွဲ့(ပါတာ)၏ နယ်လှည့်သတင်းစာဆရာဆုကို တနင်္လာနေ့က လက်ခံရရှိခဲ့သည်။**

အဆိုပါ သတင်းဌာနသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အခြေစိုက်ဖွင့်လှစ်ထားသည့် ဌာနတစ်ခုဖြစ်ပြီး အာရှ-ပစိဖိတ်၏ ခရီးသွားလုပ်ငန်းနှင့် သတင်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## ပေးပို့

ထို သတင်းဝန်ဆောင်မှုလုပ်ငန်းမှ အမှုဆောင်အယ်ဒီတာ မူဘီလ်သည် ပြီးခဲ့သည့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ရက်က အင်အားရစ်ချ်တာစကေး ၉ ဒသမ ၀ ရှိသော ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သည့် ဆူနာမီလှိုင်းဒဏ်ခံစားရသည့်ဖြစ်ရပ်၏ အထူးအစီအစဉ်ကဏ္ဍ ၂၇ ခုကို အီလက်ထရွန်းနစ်မီဒီယာမှ တစ်ဆင့် တစ်ကမ္ဘာလုံးရှိ လပေးသတင်းဖမ်းယူ ကြည့်ရှုသူနှစ်သောင်းထံသို့ သတင်းဖြန့်ဝေပေးပို့နိုင်ခဲ့သည်။

အမှုဆောင်အယ်ဒီတာ မူဘီလ်သည် သတင်းရေးသားပေးပို့ရာတွင်လည်း ရှင်းရှင်းလင်းလင်းနှင့် လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ပြီး အင်တိုက်အားတိုက် တက်တက်ကြွကြွနှင့် စေတနာထား လုပ်ဆောင်နိုင်သူ တစ်ဦးဖြစ်ကြောင်း ပါတာဥက္ကဋ္ဌ ပီတာဒီလောင်က အဆိုပါ ဆုပေးအပ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ပါတာကို အာရှ-ပစိဖိတ်ခရီးသွားနှင့် ခရီးသွားဧည့်သည် လုပ်ငန်းအာဏာပိုင်များက လွန်ခဲ့သည့် ၁၉၅၁ ခုနှစ်မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာ့လက်ဖက်အများဆုံး တင်ပို့သည့်နိုင်ငံ အရှေ့အာဖရိကမှ ကင်ညာနိုင်ငံဖြစ်လာ

နိုင်ရိုဘီ ဧပြီ ၁၉

**ကင်ညာနိုင်ငံလက်ဖက်ဖွံ့ဖြိုးရေးအေဂျင်စီ(ကေတီဒီအေ)သည် ကမ္ဘာ့လက်ဖက်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်လာကြောင်း၊ ဒေသဆိုင်ရာ မီဒီယာက တနင်္လာနေ့တွင် ပြောကြားသည်။**

အရှေ့အာဖရိက အရှေ့ပိုင်းနိုင်ငံဖြစ်သည့် ကင်ညာနိုင်ငံသည် ယမန်နှစ်က လက်ဖက်ကီလိုဂရမ်သန်းပေါင်း ၁၂၃သန်း တင်ပို့ရောင်းချခဲ့ပြီးနောက် သီရိလင်္ကာနိုင်ငံထံမှ လက်ဖက်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်မှုကို လွှဲပြောင်းရယူခဲ့ခြင်းဖြစ်ကြောင်း ကေတီဒီအေမန်နေဂျင်းဒါရိုက်တာ လာရီယွန်ကာတီယမ်ပါတီ၏ ပြောကြားချက်ကို အဆိုပါဒေသဆိုင်ရာ သတင်းစာက ဖော်ပြသည်။

သို့ရာတွင် ကင်ညာနိုင်ငံ၏ နံပါတ်တစ်နိုင်ငံခြားငွေလဲလှယ်ရရှိသည့် လက်ဖက်လုပ်ငန်းသည် စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်ရကြောင်း အဆိုပါ ကေတီဒီအေတာဝန်ရှိသူက ပြောကြားသည်။

ကမ္ဘာ့လက်ဖက်ဈေးကွက်တွင် ဈေးနှုန်းကျဆင်းလာမှုကြောင့် ပိုငွေရမှုမှာ ခြိမ်းခြောက်ခံနေရကြောင်း အခြားသောစိန်ခေါ်မှုများမှာ ထုတ်လုပ်မှုနှင့် အလုပ်သမားစရိတ် မြင့်မားခြင်းတို့ဖြစ်သည်။ ကင်ညာနိုင်ငံရှိ လက်ဖက်လုပ်ငန်းတွင် အလုပ်သမားဈေးနှုန်း ကြီးမြင့်မှုသည် အိန္ဒိယနှင့် သီရိလင်္ကာ နိုင်ငံတို့ထက် ၁၂ရာခိုင်နှုန်း ရှိကြောင်း၊ တရုတ်နိုင်ငံထက်လည်း အလုပ်သမား ဈေးနှုန်းကြီးကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ပြကွက်

**တရုတ်နိုင်ငံ မြောက်ပိုင်း ရှန်ဇီပြည်နယ် ရှန်ကျိုင်းမြို့ ၌ တရုတ် လူငယ်ကျွမ်းဘားအဖွဲ့ဝင်များ၏ ပြကွက်များကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

**ကွာလာလမ်ပူမြို့ရှိ ဒေသဆိုင်ရာ မြေငလျင်နှင့် ဆူနာမီသတိပေးဌာနမှ ထုတ်လွှင့်လိုက်သော စမ်းသပ်သတင်းကို မလေးရှားမိုးလေဝသဌာနမှ အရာရှိတစ်ဦးက ဖမ်းယူပြသနေမှုကို ဧပြီ ၁၉ ရက်ကတွေ့ရစဉ်။** (မလေးရှားအစိုးရသည် မြေငလျင်နှင့် ဆူနာမီကဲ့သို့ သဘာဝဘေးအန္တရာယ်များကို အများပြည်သူတို့အား သတိပေးရန် ဆက်သွယ်ရေးလမ်းကြောင်းဖြင့် စီစဉ်ထားကြောင်း၊ မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၁၄ သန်းခွဲရှိကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်က ဖော်ပြသည်။)

**(ဓာတ်ပုံ-အင်တာနက်)**




# ကန်စစ်ယာဉ်တန်းများကို အသေခံ ကားဗုံးခွဲတိုက်ခိုက် စားသောက်ဆိုင်အတွင်း ဗုံးပေါက်ကွဲ၍ လူကိုးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၈

**ဘဂ္ဂဒက်နှင့် မိုဆူးလ်မြို့များတွင် အမေရိကန်စစ်ယာဉ်တန်းများ စနေနေ့၌ ကားဗုံးပေါက်ကွဲ ထိမှန်မှုကြောင့် အီရတ်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်မှုနှင့် သေဆုံးမှုများရှိကြောင်း ရဲအဖွဲ့နှင့် လူထုဆက်သွယ်ရေးသတင်းများက ဖော်ပြသည်။**

ဘဂ္ဂဒက်မြို့တွင် ဘဂ္ဂဒက်လေဆိပ်အနီးရှိ လမ်းမကြီးပေါ်၌ အမေရိကန်စစ်ယာဉ်တန်းကို အသေခံကားဗုံးခွဲသူတစ်ဦးက ၎င်း၏ကားဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အီရတ်အရပ်သားတစ်ဦး သေပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲအဖွဲ့က ပြောကြားသည်။

ထိုအခိုက်တွင် မိုဆူးလ်မြို့၌လည်း အမေရိကန်စစ်ယာဉ်တန်းကို ကားဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး ဒဏ်ရာအနည်းငယ်ရပြီး အီရတ်အရပ်သားတစ်ဦးလည်း ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဘာကူဘာမြို့တွင် စားသောက်ဆိုင်တစ်ခုအတွင်း၌ စနေနေ့က ဗုံးပေါက်ကွဲမှုကြောင့် ရဲငါးဦးအပါအဝင် အီရတ်ကိုးဦး သေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# ယန်စီမြစ်ဝှမ်းတွင်သစ်တောဧရိယာ ၃၀ရာခိုင်နှုန်းပါဝင်

ပေကျင်း ဧပြီ ၁၉

**တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်တစ်ခုဖြစ်သည့် ယန်စီမြစ်ဝှမ်းတစ်လျှောက်တွင် သစ်တောဧရိယာ ဟက်တာ ၅၄၅၉၁သန်းသို့မဟုတ် ၃၀ဒသမ၅၃ရာခိုင်နှုန်းပါဝင်လျက်ရှိရာ ယင်းသည် ယန်စီမြစ်ရေကြည်လင်သန့်ရှင်းမှုကို အကြီးမားဆုံး တိုးတက်ကောင်းမွန်စေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။**

မကြာမီနှစ်များအတွင်း သစ်ပင်များနှစ်အလိုက် စိုက်ပျိုးနိုင်ခဲ့မှုကြောင့် သစ်တောဧရိယာ ဟက်တာ သုံးသန်းကျော်ဖြစ်ထွန်းခဲ့ကြောင်း တရုတ်နိုင်ငံ သစ်တောများဆိုင်ရာ စီမံအုပ်ချုပ်ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူး ဇူလီကီက ပြောကြားသည်။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ယန်စီမြစ်ဝှမ်းဒေသတွင် သဘာဝသစ်တောများကို ကာကွယ်နိုင်မှု၊ ပြုစုပျိုးထောင်မှုနှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကို အကာအကွယ်ပေးနိုင်မှုစသည့် အကျိုးဆက်များလည်း အောင်မြင်စွာရရှိခဲ့ကြောင်း မစ္စတာဇူလီကီက ပြောကြားသည်။

တရုတ်နိုင်ငံတွင် သစ်ပင်သစ်တောထိန်းသိမ်းစောင့်ရှောက်ခြင်း တိုးတက်စေရန် ဆောင်ရွက်သည့်အနေဖြင့် စိုက်ပျိုးနိုင်သော ဧရိယာများအတွင်း၊ လမ်းဘေးဝဲယာတစ်လျှောက်၊ ကျေးလက်နှင့် မြို့ရွာများတွင် သစ်ပင်များစိုက်ပျိုးမှုကို လွန်ခဲ့သည့် ၁၉၈၀ပြည့်နှစ်မှစတင်ကာ စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်လုပ်စီပီယူချပ်ပြား ပင်တီယမ်သရီးနှင့် ညီမျှ

ပေကျင်း ဧပြီ ၁၉

**တရုတ်နိုင်ငံသည် ၎င်း၏ ပြည်တွင်းဖြစ် စီပီယူချပ်ပြား ဂွတ်ဆွန်တူးသည် ပင်တီယမ်သရီးနှင့်ညီမျှကြောင်း တရုတ်သိပ္ပံအကယ်ဒမီ ကွန်ပျူတာနည်းပညာဌာနက တနင်္လာနေ့၌ ကြေညာသည်။**

## သာလွန်

ဂွတ်ဆွန်တူးသည် အော်ပတိတ်တင်းစနစ်နှင့် အိတ်ဖ်ဝင်းဒိုးစနစ်တို့ကို ထောက်ကူပေးသော တရုတ်နိုင်ငံ၏ ပထမဆုံး အဆင့်မြင့် ပရိဆက်ဆာဖြစ်သည်။ ၎င်းသည် ဂွတ်ဆွန်ဝမ်းထက် စွမ်းဆောင်မှုများ ထူးကဲသာလွန်သည်။

စမ်းသပ်ကြည့်မှုများအရ ဂွတ်ဆွန်တူးသည် ဂွတ်ဆွန်ဝမ်းထက် ၁၀ဆ စွမ်းဆောင်ရည်မြင့်မားသည်။ ၎င်း၏စွမ်းဆောင်ရည်သည် ပင်တီယမ်သရီးနှင့် ညီမျှသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးရေးမဟာဗျူဟာများ ပိုမိုအထောက်အကူပေးရန် တရုတ်ဒုတိယဝန်ကြီးတိုက်တွန်း

ဝါရှင်တန် ဧပြီ ၂၀

**ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးရေးမဟာဗျူဟာများကို ပိုမိုအကူအညီပေးကြရန် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)တို့၏ (၇၁)ကြိမ်မြောက် ပူးတွဲဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးတွင် တရုတ်ဒုတိယဘဏ္ဍာရေးဝန်ကြီးလီယွန်က တနင်္ဂနွေနေ့၌ တိုက်တွန်းပြောကြားလိုက်သည်။**

ဖွံ့ဖြိုးဆဲနိုင်ငံများသည် ၎င်းတို့၏ ကိုယ်ပိုင်ဖွံ့ဖြိုးရေးမဟာဗျူဟာများကို ဖော်ထုတ်ပြီး အဓိကကျသော စီးပွားရေးဖွံ့ဖြိုးမှုနယ်ပယ်များပြုပြင်ပြောင်းလဲရေးကို ဖိအားပေးလုပ်ဆောင် နေချိန်တွင်နိုင်ငံတကာဆိုင်ရာ အသိုင်းအဝိုင်းမှ တညီတညွတ်တည်း အထောက်အကူပေးရန်အထူးသဖြင့် ဖွံ့ဖြိုးရေးအထောက်အကူ(အိုဒီအေ)ပေးရန် အရေးကြီးကြောင်း လီယွန်က ပြောကြားသည်။

ကမ္ဘာ့ဘဏ်ခန့်မှန်းချက်အရ ကုလသမဂ္ဂကချမှတ်ခဲ့သော ထောင်စုနှစ် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘဏ္ဍာရေး အခြေအနေတိုးတက်စေရန်အတွက် လာမည့်ငါးနှစ်တွင် ဖွံ့ဖြိုးရေး အကူအညီ (အိုဒီအေ)နှစ်ဆပေးရမည်ဖြစ်ကြောင်း သိရသည်။

**ဖြည့်ဆည်း**

ထိုသို့ ဆိုသော်လည်း စုစုပေါင်း အမျိုးသားဝင်ငွေ၏ သုညဒသမ ၇ ရာခိုင်နှုန်းထိ အိုဒီအေကို ဖွံ့ဖြိုးပြီးနိုင်ငံအချို့က တိုးပေးခြင်းမရှိသေးကြောင်း၊ အရင်းအမြစ်များ ကင်းမဲ့ခြင်းသည် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ဖြည့်ဆည်းပေးရန် အကျဉ်းအကျပ်ဖြစ်စေကြောင်း လီယွန်က ပြောကြားသည်။

**လိုအပ်**

ဖွံ့ဖြိုးဆဲနိုင်ငံများကို ဖွံ့ဖြိုးရေးငွေကြေးအထောက်အကူ တိုးပေးရန် နှစ်ဆ ကြိုးစားရန်လိုအပ်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်း၊ အထူးသဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများက အခိုင်အမာ လုပ်ဆောင်ရန် လိုအပ်ကြောင်းလည်း ၎င်းကပြော ကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ ဈေးကွက်များသို့ တိုးမြှင့် ဝင်ရောက်ဆောင်ရွက်နိုင်ခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များကို ဖွင့်ပေးခြင်း၊ စိုက်ပျိုးရေးအမတော်ကြေးများကို ပယ်ဖျက်ခြင်းတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေးတိုးတက်စေရန် ကြီးမားသော အားဖြည့်လောင်းမှုဖြစ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**လေ့ကျင့်**

**အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အာရှ-အာဖရိက ထိပ်သီးအစည်းအဝေး ကျင်းပမည်ဖြစ်ရာ ကင်းထောက်အမျိုးသမီးငယ်များ အလံများကိုင်ဆောင်ကာ လေ့ကျင့်နေမှုကို ဧပြီ ၁၇ရက်က တွေ့ရစဉ်။** (ယင်းအာရှ-အာဖရိကထိပ်သီး အစည်းအဝေးသို့ နိုင်ငံပေါင်း ၅၀ မှခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

# တရုတ်စီးပွားရေးလုပ်ငန်းများ နိုင်ဂျီးရီးယား၌ စီးပွားရေးလုပ်ကိုင်ရန် အခွင့်အရေးနှင့်အခြေအနေများ အစွမ်းကုန်ဖန်တီးပေးသွားမည်

ပေကျင်း ဧပြီ ၁၇

**တရုတ်စီးပွားရေးလုပ်ငန်းများ နိုင်ဂျီးရီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းများထူထောင်ရန်အတွက် အခွင့်အရေးပေးသော အခြေအနေများ ဖန်တီးပေးရန် နိုင်ဂျီးရီးယားနိုင်ငံက အစွမ်းကုန်ကြိုးပမ်းမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၌ အလည်အပတ်ရောက်နေသည့် နိုင်ဂျီးရီးယားသမ္မတအိုလူစီဂန်အိုဘာဆန်ဂျိုက ပေကျင်းတွင် သောကြာနေ့က ပြောကြားလိုက်သည်။**

အိုဘာဆန်ဂျိုသည် တရုတ်-နိုင်ဂျီးရီးယားစီးပွားရေးနှင့် ကုန်သွယ်ရေးနှီးနှောပွဲ၌ ထိုသို့မှတ်ချက်ပြုပြောဆိုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၎င်းက နိုင်ဂျီးရီးယားနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် သမိုင်းကြောင်းတွင် အကောင်းဆုံးကာလဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံသည် တရုတ်နိုင်ငံနှင့် ရေရှည်မဟာဗျူဟာဆက်ဆံမှု ထူထောင်ရန် ရည်ရွယ်ထားကြောင်းလည်း ပြောကြားသည်။

မိမိတို့၏ ရည်ရွယ်ချက်သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လမ်းနှစ်သွယ်တိုးတက်ရေးကို အရှိန်မြှင့်တင်ရန်ဖြစ်ကြောင်း၊ ယင်းမှာ တရုတ်နိုင်ငံနှင့် မိမိတို့၏ ဆက်ဆံရေး အခြေခံလမ်းညွှန်ချက်တစ်ခုဖြစ်ပြီး အောင်မြင်မှုရရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အိုဘာဆန်ဂျိုက ပြောကြားသည်။

အချို့သော နိုင်ဂျီးရီးယား စီးပွားရေးလုပ်ငန်းများသည် တရုတ်စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်း ဆောင်ရွက်သည့် အကျိုးရလဒ်ကို ခံစားရပြီးဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး စီမံကိန်းများတွင် နိုင်ဂျီးရီးယားနိုင်ငံနှင့် တရုတ်စီးပွားရေး လုပ်ငန်းများ ပို၍ ပို၍ လုပ်ကိုင်ရန် စဉ်းစားနေကြောင်း သို့မဟုတ် တက်ကြွစွာ စီစဉ်နေကြောင်း မိမိ သိထားသည်ဟု သမ္မတအိုဘာဆန်ဂျိုက အသိအမှတ်ပြု ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အရှေ့အလယ်ပိုင်း၌ အမေရိကန်စစ်အခြေစိုက်စခန်း ထူထောင်မှု အီရန်နိုင်ငံက အပြင်းအထန် ဆန့်ကျင်ကန့်ကွက်

တီဟီရန် ဧပြီ ၂၀

**အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်း၌ အမေရိကန်တို့ စစ်ရေးအရရှိနေခြင်းကို တနင်္ဂနွေနေ့က အပြင်းအထန် ဆန့်ကျင်ကန့်ကွက်လိုက်ပြီး ဒေသဆိုင်ရာပြဿနာများကို ဒေသဆိုင်ရာနိုင်ငံများက ဖြေရှင်းမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

ဒေသအတွင်း၌ အမေရိကန်စစ်အခြေစိုက်စခန်းများ ထူထောင်ခြင်းသည် ဒေသဆိုင်ရာ လုံခြုံမှုတိုးတက်ရေးကို ကြန့်ကြာစေရုံသာမက ရှိနေသောပြဿနာများကိုလည်း ပိုဆိုးစေမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရှိသူ ဟာမစ်ရီဇာ အဆီဖီက သတင်းထောက်များကို ပြောကြားသည်။

**ပြောကြား**

ပါရှန်ပင်လယ်ကွေ့ဝန်းကျင်း ၌ အမေရိကန် စစ်ရေးအရရှိခြင်းသည် ဒေသတွင်း၌ ပဋိပက္ခမှုများနှင့် စစ်ပွဲများကို ဟန့်တားရန် ဘာမျှမလုပ်နိုင်ကြောင်း အဆီဖီက ပြောကြားသည်။

**ဖြေရှင်း**

အီရန်နှင့် အမေရိကန်တို့၏ ဆက်ဆံရေးနှင့် စပ်လျဉ်း၍ အမေရိကန်သည် အီရန်နိုင်ငံအား ၎င်း၏ ချဉ်းကပ်မှုကို ပြောင်းလဲသင့်ကြောင်း ထပ်လောင်း ပြောကြားလိုက်ပြီး ပြဿနာမှာ အမေရိကန်က ဖြေရှင်းရမည့် ပြဿနာသာဖြစ်ကြောင်း အီရန်နိုင်ငံက ဖြေရှင်းရမည်မဟုတ်ကြောင်း ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရန်၏နျူကလီးယားအစီအစဉ်ကိစ္စ ဆွေးနွေးမှုများ အမေရိကန်ပါဝင်ရန် မလိုအပ်ဟု အီရန်နိုင်ငံရှုမြင်

တီဟီရန် ဧပြီ ၁၈

**ဖြေရှင်းချက်ရှာရန် ဥရောပ၏ သံတမန်ရေးကြိုးပမ်းမှုကို အမေရိကန်ပြည်ထောင်စုက ထောက်ခံသော်ငြားလည်း အငြင်းပွားခဲ့သော အီရန်၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုအနေဖြင့် ပါဝင်ဆောင်ရွက်ရန်မလိုဟု အီရန်နိုင်ငံက ရှုမြင်ကြောင်း အီရန်နျူကလီးယားထိပ်တန်း စေ့စပ်ဆွေးနွေးသူ တစ်ဦးက စနေနေ့၌ ပြောကြားလိုက်သည်။**

အမေရိကန်ပြည်ထောင်စုသည် အီရန်၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ နောက်ပိုင်းတွင် လက်တွေ့ကျကျ ချဉ်းကပ်ဆောင်ရွက်ခဲ့သည်ဟု အိုင်အာရ်အင်န်အေ တွေ့ဆုံမေးမြန်းခန်းတွင် ဆီရပ်စ်နာဆီရီက ပြောကြားသည်။

ထိုသို့ ဆိုသော်လည်း ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့ ပါဝင်သော အီးယူဝင်နိုင်ငံ သုံးနိုင်ငံနှင့် အီရန်နိုင်ငံတို့ဆွေးနွေးမှုများတွင် အမေရိကန်ပြည်ထောင်စု၏ ပါဝင်ဆောင်ရွက်မှုကို နာဆီရီက လျှော့ချခဲ့သည်။

မိမိအနေဖြင့် စေ့စပ်ဆွေးနွေးမှုများတွင် အမေရိကန်တို့ပါဝင်ရန် လိုအပ်သည်ဟုမမြင်ကြောင်း၊ အထောက်အကူရမည်ဟုလည်း မယုံကြောင်း နာဆီရီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ရှာဖွေစစ်ဆေး**

**အီရတ်နိုင်ငံ မိုဆူးလ်မြို့ရှိ နေအိမ်တစ်အိမ်အတွင်းအမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက ရှာဖွေစစ်ဆေးမှုပြုရာ၌ အီရတ်မိသားစု တစ်စုအား ဧပြီ ၁၉ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီတလီလူငယ် လေးဦးအနက် တစ်ဦးမှာ အဝလွန်သူဖြစ်

ရောမ ဧပြီ ၁၇

**အီတလီလူငယ်လေးဦးအနက် တစ်ဦးမှာ ဆိုးဆိုးရွားရွားအဝလွန်သူဖြစ်ကြောင်း မီလန်တွင် သောကြာနေ့က ထုတ်ပြန်သည့်သတင်းတစ်ပုဒ်၌ ဖော်ပြထားသည်။**

အီတလီရှိ ကလေးများနှင့်ဆယ်ကျော်သက်အရွယ်၂၄ရာခိုင်နှုန်းသည် အဝလွန်ပြဿနာများရှိနေကြောင်း၊ အီတလီနိုင်ငံမြောက်ပိုင်းရှိ ဗာဘားနီးယားမြို့၌ ယခုသီတင်းတစ်ပတ်က အဝလွန်ခြင်းနှင့်ပတ်သက်၍ ဥရောပညီလာခံတစ်ရပ်တွင် ထုတ်ပြန်သည့်သတိပေးချက် ကိန်းဂဏန်းများတွင် ဖော်ပြပါရှိသည်။

စက်မှုနိုင်ငံများတွင် ကလေးအဝလွန်မှုသည် တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး ပြည်သူ့ကျန်းမာရေးကို စိုးရိမ်စရာခြိမ်းခြောက်လျက်ရှိကြောင်း၊ လူသားကြီးထွားမှု သိပ္ပံဆိုင်ရာကျွမ်းကျင်သူ အယ်လ်ဆန်ဒရိုဆာတိုရီယိုက ပြောကြားသည်။

အဝလွန်ကလေးငယ်များသည် ကြီးပြင်းလာသည့်အခါ ဆီးချိုရောဂါမှ နှလုံးရောဂါအထိ ကြုံတွေ့လာရဖွယ်ရှိကြောင်း ကျန်းမာရေးပြဿနာများနှင့် ပတ်သက်၍ ၎င်းကမီးမောင်းထိုးပြခဲ့သည်။

မကြာမီက လေ့လာချက်များအရ အဝလွန်ကလေးငယ်များသည် အရွယ်ရောက်သူများကဲ့သို့ သွေးတိုးရောဂါသို့မဟုတ် လေသင်တုန်းဖြတ်သည်ကို ပိုမိုခံစားရဖွယ်ရှိကြောင်း ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# မြောင်းမြမြို့ မဟာသင်္ကြန်ပွဲ ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၀**

မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ရေကစားမဏ္ဍပ်ဖွင့်ပွဲကိုဧပြီ၁၄ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရေကစားမဏ္ဍပ်၌ကျင်းပရာ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

## စည်ကားသိုက်မြိုက်

မြောင်းမြမြို့ပေါ်တွင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ ရေကစားမဏ္ဍပ်များဆောက်လုပ်၍ ပျော်ရွှင်စွာရေကစားကြပြီး ညပိုင်းတွင် ရပ်ကွက်များမှ ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ သင်္ကြန်အတက်နေ့တွင် ယိမ်းပြိုင်ပွဲများ ဆုပေးပွဲကို ကျင်းပရာ နှစ်သိမ့်ဆု၊ အထူးဆုနှင့် တတိယ၊ဒုတိယဆုများကို တာဝန်ရှိသူများက အသီးသီးချီးမြှင့်ကြပြီး ပထမဆုရ မြောင်းမြဂုဏ်နီစက်ရုံအသင်း ယိမ်းအဖွဲ့အား မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက ငွေသားဆုကျပ်တစ်သိန်း ချီးမြှင့်ကာ သင်္ကြန်ပွဲတော်ကို ပိတ်သိမ်းလိုက်သည်။

နှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်) နံနက်တွင် မြောင်းမြခရိုင်အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးဟန်ဦးဆောင်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ ငါးသားပေါက်ကောင်ရေ ၁၈သိန်းကို မြောင်းမြမြစ်အတွင်းသို့ ငါးလွှတ်ပွဲကျင်းပသည်။

## သက်ကြီးပူဇော်

ထို့ပြင် သာသနာ့ဗိမာန်တော်ကြီး၌ မြို့ပေါ်ရပ်ကွက်ရှိ အသက်(၇၅)နှစ်အထက် အဘိုး၊ အဘွား ၆၅ ဦးတို့အား သက်ကြီးပူဇော်ပွဲကို ကျင်းပသည်။ ဆက်လက်၍ နှစ်ဆန်းတစ်ရက် မွန်းလွဲ ၁ နာရီတွင် မြောင်းမြမြို့နယ်လုံးဆိုင်ရာ အကြိမ်(၇၀)မြောက် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရာ မြို့ပေါ်ရှိစာသင်တိုက်များနှင့် မြို့နယ်အတွင်းမှ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၄၆ ကျောင်းနှင့် သံဃာတော်ပေါင်း ၂၀၈၃ ပါးတို့အား တန်ဖိုးငွေကျပ် ၁၉၅ သိန်းရှိ ငွေပဒေသာပင် ၄၆၉ ခုနှင့် တန်ဖိုးငွေကျပ် ၅၆၅ သိန်းရှိ ဆွမ်းဆန်တော်၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ လှူဖွယ်ပစ္စည်းမျိုးစုံ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကြံခင်းမြို့နယ်ရှိ ကွန်ချောင်းရေလှောင်တမံ၏ ရေထုတ်ပြွန်မှတစ်ဆင့် ပင်မတူးမြောင်းအတွင်းသို့ ရေများစီးဆင်းမှုမြင်ကွင်းကို ဧပြီ ၁၀ ရက်က ဤသို့တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

## ■ ရှေ့ဖုံးမှ

ကွန်ချောင်းရေလှောင်တမံကို ဟင်္သာတခရိုင် ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီးတွင် တည်ဆောက်ခဲ့ပြီး ပုသိမ်–မုံရွာကားလမ်းမကြီးမှ သုံးမိုင်ခန့်ဝေးသည်။ အလျားပေ ၁၆၇၂၀(မိုင်ပေါင်းသုံးမိုင်) ကျော် ရှည်သော မြေသားတမံနှင့် တမံအမြင့် ၁၃၅ ပေမြင့်သော မြေသားတမံကို တည်ဆောက်ထားသည်။

ကွန်ချောင်းရေလှောင်တမံသို့ စတုရန်းမိုင် ၆၂ ဒသမ ၃၆ ရှိသော ရေဆင်းဧရိယာမှ နှစ်စဉ်ပျမ်းမျှ ရေစီးဝင်မည်ဖြစ်ပြီး ကန်ရေပြည့် ဧကပေ ၉၈၄၀၀ ရှိမည်ဖြစ်သည်။ ကန်အတွင်း၌ ရေသေဧကပေ ၇၇၅၀ဖြစ်ပြီး ကန်ရေပြည့်ရေပြင်ကျယ်မှာ ဧရိယာဧက ၂၂၀၀ ကျယ်မည်ဖြစ်သည်။

ကွန်ချောင်းရေလှောင်တမံတွင် သိုလှောင်ထားသောရေများကို ၄ပေ x ၆ပေ အရွယ်အစားရှိသော သံကူကွန်ကရစ် နှစ်ပေါက် တည်ဆောက်ထားပြီး ရေထုတ်ပြွန်၏ အလျားမှာ ၄၅၉ ပေရှည်၍ တစ်စက္ကန့်လျှင် ကုဗပေ ၅၀၀ ရေထုစီးနှုန်းဖြင့် ရေထုတ်ပေးမည်ဖြစ်သည်။

ကွန်ချောင်းရေလှောင်တမံမှ သိုလှောင်နိုင်သောရေထက် ပိုဝင်လာသောရေများကို အကျယ်ပေ ၁၅၀ ရှိသည့် ရေပိုလွှဲတည်ဆောက်၍ ရေပိုများလွှဲထုတ်ရန် ဆောင်ရွက်ထားရှိပြီး ရေပိုလွှဲမှပိုဝင်လာသောရေများကို တစ်စက္ကန့်လျှင် ကုဗပေ ၂၀၀၀၀ ရေထုစီးနှုန်းဖြင့် ရေပိုများကို ထုတ်ပေးနိုင်မည်ဖြစ်သည်။

ကွန်ချောင်းရေလှောင်တမံမှ ရေထုတ်ပြွန်ဖြင့် ဆည်ရေသောက်ဒေသများသို့ ၂၃ ဒသမ ၅ မိုင်ရှည်သော တူးမြောင်းမကြီးမှ ရေပေးမည်ဖြစ်ပြီး တူးမြောင်းမကြီးမှတစ်ဆင့် လက်တံတူးမြောင်းများဖြင့် မိုင် ၄၀ အထိ ရေများလွှတ်ပေးမည်ဟု သိရသည်။

## နွေစပါးစိုက်ပျိုးလျက်ရှိ

ကွန်ချောင်းရေလှောင်တမံ တည်ဆောက်ရာတွင် ရေလှောင်တမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်းတို့မှာ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ ရေပေးသော တူးမြောင်းလုပ်ငန်းကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာ တူးမြောင်းများပြီးစီးသွားပါက ဧကနှစ်သောင်းအတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။ လောလောဆယ်တွင် နွေစပါးစိုက်ပျိုးနိုင်ရန် ရေများလွှတ်ပေးလျက်ရှိရာ ဧက ၁၅၀၀ နွေစပါးစိုက်ပျိုးလျက်ရှိပြီဖြစ်သည်။

ဆည်မြောင်းဦးစီးဌာနသည် ဆည်များတည်ဆောက်ရာတွင် စိုက်ပျိုးရေးကို အဓိကထား၍ ရေပေးရန်ဆောင်ရွက်နေသည့်အပြင် အချို့သောဆည်များတွင် ဒေသသုံးရေအားလျှပ်စစ်များကို ထုတ်ပေးနိုင်ရန် ပူးတွဲဆောင်ရွက်လျက်ရှိသည်။ ကွန်ချောင်း ရေလှောင်တမံ တည်ဆောက်ရာ၌ ရေအားလျှပ်စစ်ထုတ်ပေးရေးကိုလည်း ပူးတွဲဆောင်ရွက်ထားသည့်အလျောက် အနီးပတ်ဝန်းကျင်ကျေးရွာ ငါးရွာအတွက် ကေဗွီ ၇၀ထုတ်ပေးနိုင်မည့် စက်နှစ်လုံးကို တပ်ဆင်ထားသည်။ ၎င်းမီးစက်မှ လျှပ်စစ်ဓာတ်အား ဝပ်သုံးသောင်း ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## အကျိုးပြု

ဆည်မြောင်းဦးစီးဌာနသည် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း၌ ရေလှောင်တမံများ တည်ဆောက်ရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်၌ အကျိုးပြုဧရိယာဧက ၃၀၀၀ အကျိုးပြုမည့် ညောင်ကိုင်းရေလှောင်တမံ၊ ဧက ၁၄၀၀၀ အကျိုးပြုသော နန်ကသူ ရေလှောင်တမံ၊ ပဲခူးတိုင်း ပန်းတောင်းမြို့နယ်မှ ဧက ၂၀၀၀ အကျိုးပြုသော ခဝါရေလှောင်တမံနှင့် မကြာမီဖွင့်လှစ်မည့် ဧက ၂၀၀၀၀ အကျိုးပြုသော ကွန်ချောင်းရေလှောင်တမံတို့မှ ဧကပေါင်း ၃၉၀၀၀ အကျိုးပြုတော့မည် ဖြစ်သည်။

၎င်းအပြင် စီမံကိန်းချမှတ်ပြီး လုပ်ငန်းဆောင်ရွက်ဆဲ ရေလှောင်တမံလေးခုရှိ၍ ၎င်းတို့မှာ မကွေးတိုင်း ကံမမြို့နယ်မှ ဧက ၄၀၀၀ အကျိုးပြုမည့် မဒေးရေလှောင်တမံ၊ ဧရာဝတီတိုင်း မြန်အောင်မြို့မှ ဧက ၁၀၀၀၀ အကျိုးပြုမည့် မမြရေလှောင်တမံ၊ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်မှ ဧက ၂၅၀၀၀ အကျိုးပြုမည့် ကညင်ရေလှောင်တမံတို့ ပြီးစီးလျှင် ဧက ၄၁၀၀၀ကို အကျိုးပြုနိုင်တော့မည်ဖြစ်ပေသည်။

## များစွာအထောက်အကူပြု

ကွန်ချောင်းရေလှောင်တမံကို နိုင်ငံတော်က ခန့်မှန်းကုန်ကျငွေကျပ် သန်းပေါင်း ၅၉၆၆ကျော် အကုန်အကျခံ၍ စိုက်ပျိုးရေးအတွက် အကျိုးရှိစွာအသုံးပြုနိုင်ရန်၊ ဒေသသုံးရေအားလျှပ်စစ်ဖြန့်ဖြူးပေးနိုင်ရန်နှင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် ဆောင်ရွက်လျက်ရှိသည့်အလျောက် တပ်မတော်အစိုးရက တာဝန်ယူဆောင်ရွက်နေသည့်ကာလတွင် ၁၇၃ခုမြောက် ရေလှောင်တမံအဖြစ် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**ဧရာဝတီတိုင်း ကြံခင်းမြို့နယ်တွင် မကြာမီဖွင့်လှစ်တော့မည့် ကွန်ချောင်းရေလှောင်တမံစီမံကိန်းသည် ယခုအခါ နွေစပါးစိုက်ပျိုးနိုင်ရန် ပင်မမြောင်းမှ နွေစပါးစိုက်ခင်းများဆီသို့ ရေပေးဝေမှုကို ဧပြီ ၁၀ ရက်က ဤသို့ တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)



21-4 (06).p65 1 3/24/05, 2:02 PM



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ Nibban Electric and Electronics မှ ဦးသိန်းကြည်နှင့် ဒေါက်တာအောင်သိန်းတို့က လှူဒါန်းသော ငွေကျပ် ၈၅ သိန်း တန်ဖိုးရှိ TKT. Nibban UD Light Truck မော်တော်ယာဉ်တစ်စီးအား လက်ခံယူစဉ်။**(သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၂၀

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ညှိနှိုင်းခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အဆိုပါ လှူဒါန်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ အလှူရှင် Nibban Electric and Electronics မှ ဦးသိန်းကြည်နှင့် ဒေါက်တာအောင်သိန်းတို့က ငွေကျပ် ၈၅ သိန်းတန်ဖိုးရှိ TKT . Nibban UD Light Truckမော်တော်ယာဉ်တစ်စီး၊ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် Website ထူထောင်ရန်အတွက် ငွေကျပ်သိန်း ၃၀ ၊ ဂန္ဓမာ ရုံးသုံးစက်လုပ်ငန်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် ဇနီး မန်နေဂျင်းဒါရိုက်တာ ဒေါ်ကြူကြူတို့က ငွေကျပ် ၁၅၈၉၀၀၀ တန်ဖိုးရှိ Tripot Screen တစ်ခုနှင့် Motorized Screen တစ်ခု၊ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ငွေကျပ် ၁၃ သိန်းတန်ဖိုးရှိ ‘ယဉ်ကျေးလိမ္မာ မျိုးမြန်မာယဉ်ကျေးမှုစာတမ်းများ’ စာအုပ်၅၀၀၊ ဦးထွန်းညွန့် ဇနီး ဒေါ်အေးအေးညွန့် (ကြက်လျှာစွန်းဒံပေါက်)က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးဒုတိယနေ့ဒံပေါက်ထမင်းညှိခံကျွေးမွေးစရိတ် ငွေကျပ် ၄၇၇၀၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီးလှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ လှူဒါန်းသော ငွေကျပ် ၈၅ သိန်း တန်ဖိုးရှိ TKT. Nibban UD Light Truck မော်တော်ယာဉ်တစ်စီးအား တွေ့မြင်ရစဉ်။**

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

၂၀-၄-၂၀၀၅

| | | |
|---|---|---|
| မုံရွာ | ၄၄ ဒီဂရီစင်တီဂရိတ် | (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်) |
| မြင်းခြံနှင့် မကွေး | ၄၃ ဒီဂရီစင်တီဂရိတ် | (၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |

## ဂုဏ်ပြုပူဇော်ပွဲ

**ရန်ကုန် ဧပြီ ၂၀**

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်နှင့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်အပ်နှင်းခြင်းခံရသည့် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီတဂူဦးဟန်တို့အား မဟာသိမ်တော်ကြီး ဂေါပကအဖွဲ့နှင့် ပန်းဘဲတန်း၊ ကျောက်တံတား၊ လသာ သုံးမြို့နယ်မှ စုပေါင်းဂုဏ်ပြုပွဲကို ဧပြီ ၂၉ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် မဟာသိမ်တော်ကြီး ဓမ္မာရုံတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဟု သိရသည်။ **(၁၅၂)**

## အောင်ချမ်းသာဘုရား တည်ထားပူဇော်ခြင်း ကုသိုလ်ယူလှူဒါန်းနိုင်

**ရန်ကုန် ဧပြီ ၂၀**

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာ မဟာအောင်မြေသိမ်ကုန်းတော်ပေါ်၌ သမိုင်းဝင် ရန်အောင်မြင် မုနိရာဇာအောင်ချမ်းသာ ဘုရားတည်ထားပူဇော်ခြင်း၊ ၄၁ဌာန မြောက် ရသေ့ကြီး ဦးခန္တီ၏ စေတီတော်အားပြန်လည်ပြုပြင်ခြင်း၊ ရင်ပြင်တော်ခင်းခြင်း၊ ရတနာသိမ် တည်ဆောက်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရေတွင်း၊ ရေကန်ပြုပြင်ခြင်း အစရှိသော ကောင်းမှုကုသိုလ် အစုစုတို့ ပြုလုပ်လျက်ရှိသည်။ ကုသိုလ်ယူ ပါဝင်လှူဒါန်းလိုသူများသည် ဦးသန်းရှိန် ဖုန်း-၀၁-၂၈၃၉၀၇၊ ဦးစိုးမြင့် ဖုန်း-၀၉-၈၀-၂၀၆၇၇၊ ဦးထွန်းထွန်း ဖုန်း-၀၆၇-၂၁၇၇၆၊ ဦးမော်စီ၊ ဦးထွေးသိန်း ဖုန်း-၀၆၇-၃၀၂၅၈နှင့် ဦးချိုချို-ဒေါ်သန်းမြ ဖုန်း-၀၆၇-၃၀၁၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဧပြီ ၂၀ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၉)၊ ကော်လံ ၁-၂ အပိုဒ်(၆)အား အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က သံတွဲဒေသ၌ သူငွေချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ သံတွဲချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိန်တလီ ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ **(မြန်မာ့အလင်း)**





**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၀၈) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (စွမ်းအင်)

# မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၂၀

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၀၈) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးပေါ်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၁)စစ်ဒေသမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဋ္ဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့်ပတ်သက်သည့်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမြင့်ဋ္ဌေးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခရီးသည်တင်မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံ တန်းတူရည်တူရှိသည့် ပြည်ထောင်စုကြီး ဖွံ့ [...]
# ပြည်တွင်းပြည်ပအဖျက်လုပ်ငန်းများပါဝင်သည့် လွတ်လပ်သောရှမ်းပြည် အစိုးရဖွဲ့ စည်း[...]

ကျောဖုံးမှ

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (P.N.O) သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၀)ရက်

၁။ ၂၀၀၅ခုနှစ်၊ ဧပြီလ(၁၇)ရက်၊ တနင်္ဂနွေနေ့ အမေရိကန်အသံ(VOA)မှ ပုဂ္ဂိုလ်(၅)ဦး အမည်ပါဝင်သော လွတ်လပ်သောရှမ်းပြည်အစိုးရအဖွဲ့ကို သမ္မတ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေးဝန်ကြီးများပါဝင်သော အစိုးရအဖွဲ့ ဖွဲ့စည်းကြောင်း ဗန်ကောက်အခြေစိုက် အဆိုပါနိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုလက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဒို့တာဝန် အရေး(၃)ပါး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပြီး အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လမ်းစဉ်(၇)ရပ်ဖြင့် စတင်အကောင်အထည်ဖော် လျက်ရှိနေပါသည်။

၃။ လမ်းစဉ်(၇)ရပ်အရ စတင်အကောင်အထည်ဖော်လျက်ရှိနေသော အမျိုးသားညီလာခံမှ အခြေခံမူ(၁၀၄)ချက်ကို ချမှတ်အတည်ပြုခဲ့ပြီးသည့်အပြင် ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခန်း၏ ဖွဲ့စည်းမှု၊ အာဏာခွဲဝေမှု အခန်းများပါ ပြီးစီးတော့မည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီအောင်မြင်မှုများကို မနာလိုမရှုဆိတ်နိုင်သော ပြည်တွင်းပြည်ပအဖျက်လုပ်ငန်းဦးဆောင်မှုများပါဝင်သည့် လွတ်လပ်သော ရှမ်းပြည်အစိုးရဖွဲ့စည်းသည်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်(P.N.O)မှ လုံးဝသဘောမတူ ကန့်ကွက်ကြောင်း ကြေညာလိုက်ပါသည်။

**ဦးအောင်ခမ်းထီ**
**ဥက္ကဋ္ဌ**
**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(P.N.O)**

## အထူးဒေသ(၇)ပလောင်တိုင်းရင်းသားအဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၀) ရက်

၁။ "၂၀၀၅ခုနှစ်၊ ဧပြီလ(၁၈)ရက်နေ့တွင် Radio Free Asia အသံလွှင့်ဌာနမှ ရှမ်းပြည်ထောင်စု ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်သည် လွတ်လပ်သည့်နိုင်ငံဖြစ်ကြောင်း သတင်းထုတ်လွှင့် ချက်"နှင့် ပတ်သက်၍ မိမိတို့ ပလောင်တိုင်းရင်းသားလူမျိုးစုအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိကြောင်း အတိအလင်း ကြေညာပါသည်။

၂။ ရှမ်းပြည်နယ်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများအားလုံး စုစည်းနေထိုင်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပြီး ရှမ်းတိုင်းရင်းသားလူမျိုးစုတစ်စုတည်းသာ နေထိုင်ခြင်း မဟုတ်သည့်အတွက် အဆိုပါ သတင်းထုတ်လွှင့်ချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီးကို ပြိုကွဲသွားစေနိုင်သည် အထိ အန္တရာယ်ကို ရှေးရှုနေသော ဆိုးကျိုးများကိုသာ ဖြစ်ပေါ်လာစေမည်ဖြစ်သည့်အတွက် မိမိတို့ ပလောင်တိုင်းရင်းသားများအနေဖြင့် လုံးဝသဘောတူခြင်းမရှိကြောင်း၊ မထောက်ခံကြောင်း အတိအလင်း ကြေညာအပ်ပါသည်။

၃။ မိမိတို့ ပလောင်တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်အစိုးရမှ ပြည်ထောင်စုတိုင်းရင်းသားအားလုံးရှေ့ရေးအတွက် ရည်မှန်းလုပ်ဆောင်နေသော နိုင်ငံတော်ရှေ့ဆက်သွားမည့် နိုင်ငံရေးရှေ့လုပ်ငန်းစဉ်(၇)ရပ်ကိုသာလျှင် အလေးအနက်ထောက်ခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုကို အပြည့်အဝခံယူသွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အထူးဒေသ(၇)ပလောင်တိုင်းရင်းသားအဖွဲ့အပါအဝင် ပလောင်တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် "ရှမ်းပြည်သည် လွတ်လပ်သည့်နိုင်ငံဖြစ်သည်"ဆိုသည့်ကြေညာချက် အားအသိအမှတ်မပြုကြောင်းနှင့် လုံးဝကန့်ကွက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဦးအိုက်မုန်း**
**ဥက္ကဋ္ဌ**
**အထူးဒေသ(၇)ပလောင်တိုင်းရင်းသားအဖွဲ့**

**ဦးညီလုံး**
**ဒုတိယဥက္ကဋ္ဌ**
**အထူးဒေသ(၇)ပလောင်တိုင်းရင်းသားအဖွဲ့**

**ဦးမိုင်းအုဏ်းခိုင်**
**တွဲဖက်အတွင်းရေးမှူး**
**အထူးဒေသ(၇)ပလောင်တိုင်းရင်းသားအဖွဲ့**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁) ကိုးကန့်တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၀)ရက်

၁။ ၂၀၀၅ခုနှစ်၊ ဧပြီလ (၁၇)ရက်နေ့တွင် RFA အသံလွှင့်ဌာနမှ "ရှမ်းပြည်နယ်အား သီးခြားလွတ်လပ်သောနိုင်ငံ"ဟု ပြည်ပတွင်ရောက်ရှိနေသော လူတစ်စုက ကြေညာခဲ့သော သတင်းနှင့် ပတ်သက်ပြီး မိမိတို့ ကိုးကန့်တိုင်းရင်းသားအနေဖြင့် လုံးဝလက်မခံကြောင်း အတိအလင်းကြေညာပါ သည်။

၂။ ယင်းသို့ ပြုလုပ်ခြင်းသည် ရှမ်းပြည်နယ်တွင်နေထိုင်ကြသော ရှမ်းတိုင်းရင်းသားများသာမက ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေနိုင်သဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲစေနိုင်မည့် ဆိုးကျိုးများသာ ဖြစ်ပေါ်စေနိုင်သည့်အတွက် မိမိတို့ ကိုးကန့်တိုင်းရင်းသားများအနေဖြင့် လုံးဝမထောက်ခံကြောင်း အတိအလင်း ကြေညာပါသည်။

၃။ မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့နှင့် ကိုးကန့်တိုင်းရင်းသား လူမျိုးများသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အေးချမ်း တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ခင်ရင်းနှီးရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို ထောက်ခံပြီး ရာသက်ပန် ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အတိအလင်း ကြေညာအပ်ပါသည်။

- * စည်းလုံးညီညွတ်မှုကိုသာ လိုလားသည်။
- * စည်းလုံးမှုပျက်ပြားအောင် ပြုလုပ်မှု မှန်သမျှကို ဆန့်ကျင်သည်။
- * ငြိမ်းချမ်းရေးကိုသာ လိုလားသည်။
- * ငြိမ်းချမ်းရေးပျက်ပြားအောင် ပြုလုပ်မှု မှန်သမျှကို ဆန့်ကျင်သည်။

**ဦးလျှိုကွယ်ရှီ**
**အထွေထွေအတွင်းရေးမှူး**
**အထူးဒေသ(၁)အုပ်ချုပ်ရေးကော်မတီ**

**ဦးကျန်တက်ဝင်**
**ဒု-ဥက္ကဋ္ဌ**
**အထူးဒေသ(၁)အုပ်ချုပ်ရေးကော်မတီ**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အေးချမ်းတည်ငြိမ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ရာသက်ပန်ကာကွယ်စောင့်ရှောက်မည်

## ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ(၄) ကြေညာချက်

၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၀)ရက်

၁၈-၄-၂၀၀၅ ရက်နေ့တွင် အင်တာနက်ဝက်ဆိုဒ် တစ်ခုဖြစ်သော BBC Burmese Com တွင် စဝ်ခမ်ဖမှ ဖက်ဒရယ်မူအရ လုပ်ထားသော ရှမ်းပြည်နယ် လွတ်လပ်ရေး ကြေညာကြောင်း တွေ့ရှိရပါသည်။ ၎င်းကြေညာချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုထိခိုက်စေနိုင်ပြီး ပြည်ထောင်စုကြီးပြိုကွဲ သွားနိုင်သော ကြေညာချက်မျိုးဖြစ်သည်။ ကျွန်တော်တို့ဟာ ပြည်ထောင်စုဖွားတိုင်းရင်းသားပေါင်းစုံ တန်းတူရည်တူ ရှိသည့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို လိုလားပါသည်။ ထို့ကြောင့် ၎င်းကြေညာချက်ကို အထူးဒေသ(၄) အနေဖြင့် လုံးဝသဘောမတူပါကြောင်းနှင့် အသိအမှတ် မပြုပါကြောင်း ကြေညာပါသည်။

**ဦးစိုင်းလင်း**
**ဥက္ကဋ္ဌ**
**ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ(၄)**
**စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီ**

## ရှမ်း[...]

၁။ ၁၈-၄-[...]
olders declar[...]
စဝ်ခမ်ဖဦးစီးသေ[...]
ကြောင်း ဖော်ပြ[...]

၂။ ရှမ်းပြ[...]
ဝင်ရောက်ကာ [...]
စည်းကမ်းပြည့်ဝ[...]
လျက်ရှိသော အ[...]
သွားမည်မဟုတ်[...]

၃။ စဝ်ခမ်[...]
တိုင်းရင်းသား စ[...]
များဖြစ်ပြီး တို[...]
ရှမ်းပြည်နယ်မြေ[...]
ကြောင်း ကြေည[...]

## ပြည်ပြေး[...] ဆက်နွယ်[...] ရှမ်းပြည်[...] တစ်ဖက်[...]

## ကရင်နီအ[...]

၁။ ကယား[...]
နိုင်ငံတော်အစိုးရ[...]

၂။ ပြည်ထေ[...]
လက်ခံကြိုဆိုသ[...]

၃။ ကရင်နီ[...]
စဝ်ခမ်ဖဦးစီးသေ[...]
ဖြစ်သည့် ရှမ်းပြ[...]
ကရင်နီအမျိုးသ[...]

# ...ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို လိုလား
# ...အစိုးရဖွဲ့ စည်းသည်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် လုံးဝကန့်ကွက်

...၏

...ပြီလ (၂၀) ရက်

...ထောင်စု ယာယီ ...'နှင့် ပတ်သက်၍ ...ကြေညာပါသည်။

...ဆိုင်လျက်ရှိသော ...အတွက် အဆိုပါ ...သွားစေနိုင်သည် ... မိမိတို့ ပလောင် ...င်း ကြေညာအပ်

...မှ ပြည်ထောင်စု ...းမည့် နိုင်ငံရေး ...၏ ဦးဆောင်မှုကို

...င်တိုင်းရင်းသား ...ကြေညာချက် အား

...းအိုက်မုန်း
ဥက္ကဋ္ဌ

...နိုင်
...ရေးမှူး
...င်းရင်းသားအဖွဲ့

...က
...က်မည်

...ချက်

...ဧပြီလ (၂၀)ရက်

...၁တွင် စဝ်ခမ်ဖမှ ...၎င်းကြေညာချက် ...သာ ကြေညာချက် ...ပြည်ထောင်စုကြီး ...းကြေညာချက်ကို ...ကြေညာပါသည်။

...ထူးဒေသ(၄)
...ရေးကော်မတီ

## ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၅)အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀-၄-၂၀၀၅။

၁။ ၁၈-၄-၂၀၀၅ရက်နေ့တွင် Internet Website တစ်ခုဖြစ်သော BBC Burmese Com; မှ Shan olders declare independence ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ဖော်ပြရာတွင် စဝ်ရွှေသိုက်၏သား စဝ်ခမ်ဖဦးစီးသော အဖွဲ့အနေဖြင့် ဖက်ဒရယ်မူအရ ပြုလုပ်ထားသည့် ရှမ်းပြည်နယ်လွတ်လပ်ရေးအား ကြေညာကြောင်း ဖော်ပြပါရှိပါသည်။

၂။ ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၅)အနေဖြင့် ၁၁-၁-၉၁ရက်နေ့မှစ၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ကာ တပ်မတော်အစိုးရနှင့်လက်တွဲ၍ ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက် ၁၂ရပ်တို့နှင့်အညီ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် အင်တိုက်အားတိုက်ပါဝင် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ပြီး ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်ကိုမျှ လက်ခံသွားမည်မဟုတ်ပါ။

၃။ စဝ်ခမ်ဖဦးစီးသောအဖွဲ့အစည်းအနေဖြင့် ယခုကဲ့သို့ ရှမ်းပြည်နယ်လွတ်လပ်ရေးကြေညာခြင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရေးနှင့် ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်ဆောင်ရွက်နေသော လုပ်ရပ်များဖြစ်ပြီး တိုင်းပြည်၏ အချုပ်အခြာအာဏာကို ထိပါးမည့်အရေးဖြစ်ပါသဖြင့် ထိုကြေညာချက်အပေါ် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၅)အနေဖြင့် အသိအမှတ်မပြုကြောင်းနှင့် လုံးဝသဘောမတူ ကန့်ကွက်ကြောင်း ကြေညာလိုက်ပါသည်။

ဦးမထုနော်
ဥက္ကဋ္ဌ
ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၅)

## ပြည်ပြေး စဝ်ခမ်ဖဦးစီးသော အဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများ၏ လုပ်ရပ်ဖြစ်သည့် ရှမ်းပြည်နယ်ကို လွတ်လပ်သော တိုင်းပြည်ဖြစ်သည်ဟု တစ်ဖက်သတ် ကြေညာခြင်းကို ပြင်းထန်စွာကန့်ကွက်

## ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ (KNPDP) ၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၀) ရက်

၁။ ကယားပြည်နယ်၊ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၂၃-၇-၉၉ရက်နေ့တွင် နိုင်ငံတော်အစိုးရထံ၌ တရားဝင်လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် အဖွဲ့ဖြစ်ပါသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံနှင့် ခွဲထွက်ခြင်းမပြုနိုင်သည့် ပြည်ထောင်စုစနစ်ကို အစဉ်လက်ခံကြိုဆိုသည့် အဖွဲ့ဖြစ်ပါသည်။

၃။ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်၏သား ပြည်ပြေး စဝ်ခမ်ဖဦးစီးသောအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ လုပ်ရပ်ဖြစ်သည့် ရှမ်းပြည်နယ်ကို လွတ်လပ်သောတိုင်းပြည်ဖြစ်သည်ဟု တစ်ဖက်သတ်ကြေညာခြင်းကို ("KNPDP") ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြင်းထန်စွာကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဦးဂိုရီ
ဥက္ကဋ္ဌ
KNPDP ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အမျိုးသမီးအဖွဲ့ဝင်အင်အား တစ်သန်းလေးသိန်းခန့်ဖြင့် အမျိုးသမီးထု (၂၇)သန်း၏ အခန်းကဏ္ဍမြှင့်တင်ရေးကို ဦးဆောင်လျက်ရှိသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များကို လုံးဝလက်မခံကြောင်း ကြေညာလိုက်သည်။

၂။ ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ခြိမ်းခြောက်လျက် အနှောင့်အယှက်ပြုခြင်း ဖြစ်သည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို စိုက်စိုက်မတ်မတ် ဦးတည်ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်တစ်ဝန်းလုံး အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

၄။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးစွာအဟန့်အတားဖြစ်စေသော လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် စိတ်ကောင်းစေတနာမှန်ဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဆောင်ရွက်ခဲ့သော နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်မှုကို ဂုဏ်ယူထောက်ခံသည်။

၅။ ယခုအခါ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၆။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ လုပ်ရပ်များကို အပြင်းအထန် ရှုတ်ချကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုကို အလေးအနက်ထောက်ခံကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့။

## ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ငြိမ်းချမ်းရေး)အဖွဲ့အစည်း၏သဘောထား

ရက်စွဲ။ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၀)ရက်

၁။ မိမိတို့ ကယားအထူးဒေသ(၂) ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးသည် (၉/၅/၉၄) ရက်တွင် ငြိမ်းချမ်းရေးရယူခဲ့ပြီး နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုအခါ နိုင်ငံတော်မှ ချမှတ်ထားရှိသည့် ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံရေးဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပသည့် အမျိုးသားညီလာခံကိုလည်း ပါဝင်တက်ရောက်ကာ ပြည်နယ်အရေး၊ လူမျိုးစုအရေးကို အလေးထား ဦးထိပ်ပန်ဆင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ နိုင်ငံတော်အစိုးရမှလည်း တိုင်းရင်းသားလူမျိုးစုအရေးကို အလေးထားပြီး ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မိမိတို့ ပြည်နယ်ဒေသကျေးရွာများတွင် အဘက်ဘက်မှ များစွာဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေရပါသည်။

၄။ ထို့ကြောင့် ပြည်ပရောက် ရှမ်းအဖွဲ့(စဝ်ခမ်ဖ)၏ကြေညာချက်ဖြစ်သည့် လွတ်လပ်သည့် ရှမ်းနိုင်ငံနှင့် ရှမ်းပြည် ကြားဖြတ်အစိုးရနှင့် ရှမ်းပြည်နယ်အား စစ်မက်ဇုန်အဖြစ် ကြေညာခြင်းသည် ရှမ်းပြည်နယ်အတွက်သော်လည်းကောင်း၊ ရှမ်းလူမျိုးစုအတွက်သော်လည်းကောင်း၊ နိုင်ငံတော်အတွက်သော်လည်းကောင်း မည်သို့မျှ အကျိုးမပြုသည့်အပြင် ဆိုးကျိုးများကိုသာ ဖြစ်ထွန်းစေမည်ဖြစ်ပါ၍ ၎င်းကြေညာချက်နှင့်ပတ်သက်၍ မိမိတို့ ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦးအနေဖြင့် ထောက်ခံခြင်းမရှိသည့်အပြင် လုံးဝကန့်ကွက်ပါသည်။

၅။ ပြည်ပရောက် ရှမ်းအဖွဲ့(စဝ်ခမ်ဖ)အနေဖြင့် ပြည်ထောင်စုပြိုကွဲရန်နှင့် နိုင်ငံတော်လုံခြုံရေးကို ထိပါးလာပါက မိမိတို့ ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦးအနေဖြင့် နိုင်ငံတော်အစိုးရ တပ်မတော်နှင့် ပူးပေါင်းလက်တွဲကာ ကာကွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းကျော်
ဒုတိယဥက္ကဋ္ဌ
ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး
(ငြိမ်းချမ်းရေးအဖွဲ့)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ စိုက်ပျိုးထုတ်လုပ်အောင်မြင်နေသော ဆင်းရွှေလီ

**ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ဆင်းရွှေလီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို တိုင်းမှူး၏ စီမံကွပ်ကဲမှုဖြင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရယူ၍ စုပေါင်း ဆောင်ရွက်ကာ အကျိုးအမြတ်များကိုလည်း အချိုးကျ ခွဲဝေပေးသည့်စနစ် ဖြစ်ကြောင်း လေ့လာ သိရှိရသည်။**



လားရှိုးမြို့က ဆင်းရွှေလီဘိုးဘွားဗိမာန်။
(ဓာတ်ပုံ- သောင်းဝင်းဗိုလ်)

**သောင်းဝင်းဗိုလ်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်က ပြည်နယ်၊ တိုင်းဒေသအလိုက် ဆန်စပါး ဝမ်းစာဖူလုံပိုလျှံရေးအတွက် နှစ်တိုနှစ်ရှည် စီမံကိန်းများ ချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။ နှစ်စဉ် ပန်းတိုင်အထွက်နှုန်း တိုးတက်အောင်မြင်ရေးအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများပေးကာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များ၏ နည်းပညာအကူအညီများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ပြည်နယ်နှင့်တိုင်း ဒေသအလိုက် လယ်ယာစီးပွားဖြစ်ထွန်းအောင်မြင် တိုးတက်မှုများ အသီးသီးပေါ်ထွန်းလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဆင်းရွှေလီဟူသော အမည်သည် ပေါ်လွင်ထင်ရှားလျက်ရှိသည်။ ဆင်းရွှေလီ စပါး၊ ဆင်းရွှေလီအစေ့ထုတ်ပြောင်း၊ ဆင်းရွှေလီပျားလိမ္မော်တို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ထင်ရှားသော၊ အောင်မြင်နေသော စိုက်ပျိုးရေး သီးနှံများ၏ အမည်များ ဖြစ်သည်။

ဆင်းရွှေလီပျားလိမ္မော်သည် ပျားရည်ကဲ့သို့ ချိုသောလိမ္မော်သီးများဖြစ်၍ လူကြိုက်များလျက်ရှိသည်။ ဆင်းရွှေလီပျားလိမ္မော်စိုက်ပျိုးမှုကို ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဧကများစွာ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ စီးပွားရေးတွက် တွက်ခြေကိုက် လုပ်ငန်းတစ်ခု ဖြစ်သည်။

ဆင်းရွှေလီပျားလိမ္မော်ကို တစ်ဧကလျှင် ၁၈ပေ X ၁၄ ပေပတ်လည်ဖြင့် ၁၇၃ပင်စိုက်ပျိုးနိုင်သည်။ တစ်ဧက၏ ရင်းနှီးမြှုပ်နှံမှုမှာ ငွေကျပ် နှစ်သိန်းငါးသောင်းခန့်ကုန်ကျမည်ဖြစ်ပြီး ၁၂ရာသီ သီးအောင် စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည်။ ပျားလိမ္မော်ပင်တစ်ပင်၏ အထွက်နှုန်းမှာ အလုံး ၂၀၀ခန့်ရှိပြီး ပျားလိမ္မော်ပင်၏ သက်တမ်းမှာ နှစ်ပေါင်း ၃၀ခန့်ရှိသည်။ ၁၉၉၉ ခုနှစ်မှစ၍ ဧက ၃၀၀ ကျော်စိုက်ပျိုးထုတ်လုပ်ခဲ့ရာ ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပျားလိမ္မော်အများဆုံး ထုတ်လုပ်သည့် ခြံအဖြစ် အောင်မြင်လျက်ရှိကြောင်းဖြင့် ဆင်းရွှေလီပျားလိမ္မော်ခြံ(နောင်မွန်းကျေးရွာ)မှ ဦးဝင်းဇော်က ရှင်းလင်းပြောပြခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ရေမြေရာသီဥတုနှင့် ကိုက်ညီမှုကြောင့် ပျားလိမ္မော်များကို အလွယ်တကူ စိုက်ပျိုးနိုင်ကြောင်းသိရပြီး ဆင်းရွှေလီ ပျားလိမ္မော်ခြံမှ မျိုးပင်များဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပျားလိမ္မော် စိုက်ပျိုးထုတ်လုပ်မှုများ တိုးချဲ့လုပ်ကိုင်လျက်ရှိကြောင်းကိုလည်း သိရှိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကုန်းမြင့်လယ်ယာများ ဖော်ထုတ်၍ စိုက်ပျိုးထုတ်လုပ်မှုများ လုပ်ဆောင်လျက်ရှိသည်။ ကုန်းမြင့်(၁)တွင် ဧက ၁၀၀၀ ဖော်ထုတ်၍ စီမံကိန်းသီးနှံများ၊ နှစ်ရှည်ပင်များ၊ ဆင်းရွှေလီပျားလိမ္မော်များ၊ ဟင်းသီးဟင်းရွက်၊ ဟင်းခင်းပဒေသာများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ငါးကန်များကိုပါ တူးဖော်၍ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ တီလားပီးယားငါးနှင့် ငါးခုံးမဖြီးနီများကို မွေးမြူလျက်ရှိသည်။

ကုန်းမြင့်(၂)နှင့်(၃)တွင် ဧက ၁၀၀၀စီ ဖော်ထုတ်၍ ဘိန်းအစားထိုး သီးနှံများ၊ ပဲ၊ ပြောင်း၊ စပါး၊ ပဲပုပ်၊ ပဲစင်းငုံ၊ တညင်းသီး၊ ပန်းနှမ်း၊ မြေပဲ၊ လက်ဖက်၊ သရက်၊ လိုက်ချီးတို့ကို စိုက်ပျိုးထုတ်လုပ်နေသည်။

ကုန်းမြင့်(၄)ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တာဝန်ယူ၍ ကုန်းမြင့်ယာမြေဧက ၅၀၀၀ ဖော်ထုတ်ပြီး ဘိန်းအစားထိုး သီးနှံများနှင့် ဆင်းရွှေလီပျားလိမ္မော်၊ ဆင်းရွှေလီစပါး၊ ဆင်းရွှေလီစပ်မျိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးရေးလုပ်ငန်း၊ ယာစပါး၊ ဆင်းရွှေလီပြောင်း (အစေ့ထုတ်ပြောင်း)၊ ပန်းနှမ်း၊ မြေပဲ၊ ပဲပုပ်၊တည်း၊ လက်ဖက်၊ သရက်၊ လိုက်ချီး၊ မက္ကဒေးမီးယား၊ ကော်ဖီ၊ သစ်ဆိမ့်တို့ကို စိုက်ပျိုးထုတ်လုပ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကုန်းမြင့်မြေယာဧက ၅၀၀၀စီမံကိန်းသည် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းတစ်ခုဖြစ်၍ ဒေသခံ ပြည်သူများအတွက်ပါ အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အတွက် လက်တွေ့ အကျိုးသက်ရောက်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ဆင်းရွှေလီ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို တိုင်းမှူး၏ စီမံကွပ်ကဲမှုဖြင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရယူ၍ စုပေါင်းဆောင်ရွက်ကာ အကျိုးအမြတ်များကိုလည်း အချိုးကျ ခွဲဝေပေးသည့် စနစ်ဖြစ်ကြောင်း လေ့လာ သိရှိရသည်။



လားရှိုးမြို့ရှိ ကုန်းမြင့်(၁)မှ ဟင်းခင်းပဒေသာ။ (ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

ထို့အပြင် ဆင်းရွှေလီဖြင့် ထင်ရှားနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ မြို့တော်လားရှိုးမြို့တွင် ဆင်းရွှေလီဘိုးဘွားဗိမာန်တစ်ခုကို တိုင်းမှူး၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး ယခုအခါ ဘိုးဘွားများကို စိတ်ချမ်းမြေ့စွာ ပြုစုထားရှိစောင့်ရှောက်လျက်ရှိကြောင်း၊ ဆင်းရွှေလီ ဘိုးဘွားဗိမာန် တည်ဆောက်ရေးအတွက် တန့်ယန်းမှ အလှူရှင် ဦးသန်းဝင်း မိသားစုက မတည်ငွေကျပ်သိန်းတစ်ထောင်ဖြင့် ဆောက်လုပ်ခဲ့ကြောင်း ဆရာဝန်ကြီး ဒေါက်တာခင်လှိုင်(စာရေးဆရာ ကမ္ဘောဇခင်လှိုင်)က ဝမ်းပန်းတသာ ရှင်းလင်းပြောပြသည်။

ဆင်းရွှေလီဖြင့် ကျော်ကြားနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ မြို့တော် လားရှိုးတွင်သာမက မူဆယ်၊ နမ့်ခမ်းမြို့များအထိ ဆင်းရွှေလီအမည်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း အများအပြားကို ဆောင်ရွက်လျက်ရှိရာ ဒေသဝမ်းစာဖူလုံမှုသာမက အခြားပြည်နယ်၊ တိုင်းများအတွက်ပါ တာဝန်ယူ ဖြန့်ဖြူးနိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်မှုများ အောင်မြင်နေသည်ကို မျက်ဝါး ထင်ထင် တွေ့မြင်ခဲ့ရသည်။

ဆင်းရွှေလီ ဟင်းသီးဟင်းရွက် ဟင်းခင်းပဒေသာမှ ထွက်ရှိသော သီးနှံများကလည်း ဒေသခံပြည်သူများအတွက် လတ်လတ်ဆတ်ဆတ် ပေါပေါများများ စားသုံးနိုင်သည်အထိ အကျိုးပြုလျက်ရှိနေပြီ ဖြစ်သည်။

အထူးအထွက်တိုး စပါးများ စိုက်ပျိုး၍ ဒေသဝမ်းစာဖူလုံရုံမျှသာမက ပိုလျှံမှုများက စီးပွားရေးတွက်ခြေကိုက်နေသော ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ တိုင်းရင်းသားတောင်သူလယ်သမားများ၏ စိုက်ပျိုးစီးပွားဖြစ်ထွန်းမှု၊ လူနေမှုဘဝ မြင့်မားလာမှုတို့သည် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်မှု၏ သာဓကတစ်ခုဖြစ်ရာ ဆင်းရွှေလီကလည်း ပါဝင် အကျိုးပြုလျက်ရှိကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် တတိယအကြိမ်မြောက် ရေကစားဆုပေးမဏ္ဍပ်ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေက ညောင်တုန်းလမ်းမရှိ ရွှေပြည်သစ်ဇာတိမဏ္ဍပ်တွင် ကျင်းပရာ တတိယဆုရ အတွင်းပဒကျေးရွာ ယဉ်တစ်ကိုယ်မယ်ယိမ်းအဖွဲ့အား မြို့နယ်ဥက္ကဋ္ဌ၏ဇနီး ဒေါ်မြင့်ခင်က ဆုဖလားနှင့် ငွေကျပ်ခုနစ်သောင်း ချီးမြှင့်ပေးအပ်စဉ်။

(၁၈၀)

## အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၀

မွန်ပြည်နယ်ဘီးလင်းအထက်တန်းကျောင်း တတိယအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဘီးလင်းအထက်တန်းကျောင်း ပညာအားမာန်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံရန်နှင့် ကုသိုလ်ပါဝင်လိုသူများ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ မော်ကွန်းထိန်း ဦးအေးထွန်း ဖုန်း–၅၃၄၀၂၄၊ ဦးစံ ဖုန်း–၂၈၃၂၃၆၊ ဦးသိန်းဝင်း ဖုန်း–၂၈၁၇၃၃ နှင့် ဘီးလင်းမြို့နယ် ပညာရေးမှူး ဦးညိုထွန်း ဖုန်း–၂၄၊ ဦးဆန်းအောင်(ဆရာစံရပ်ကွက်)၊ ဦးသန်းအောင် (ဆရာစံရပ်ကွက်)၊ ဦးမြင့်ဦး (ဘိုးရာဇာရပ်ကွက်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

## ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း( ငမိုးရိပ် ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၀

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသော ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)လုပ်ငန်းခွင်သို့ နံနက် ၉ နာရီတွင်ရောက်ရှိရာ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းအစိတ်အပိုင်းဖြစ်သည့် အထယုချောင်းပြတ် ရေငုတ်ပြွန်ဆောက်လုပ်ရာတွင် ရေပိုက်ကြီးများ ချထားပြီးစီးမှု၊ ရေခေါ်တူးမြောင်းများ ဖောက်လုပ်ပြီးစီးမှု၊ ဓာတ်အားခွဲရုံ တည်ဆောက်နေမှု၊ အကြိုအနည်ထိုင် ကန်တူးဖော်ပြီးစီးမှု၊ ရေစစ်ကန် ဆောက်လုပ်ပြီးစီးမှု၊ ရေစုကန်တူးဖော်နေမှု၊ ရေတွန်းစက်ရုံဆောက်လုပ်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် မြို့တော်ဝန်က ပွင့်လင်းရာသီအတွင်း ပြီးစီးရန်သတ်မှတ်ထားသည့်လုပ်ငန်းများ အောင်မြင်စွာ ပြီးစီးနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ် တွန်းအားပေးလုပ်ဆောင်ရေး၊ မြို့တော်နေပြည်သူများ သန့်ရှင်းကြည်လင်သည့် သောက်သုံးရေ ယခုထက်ပိုမိုရရှိစေရန် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ စေတနာထားကာ စနစ်တကျဖြင့် အထူးကြိုးပမ်းလုပ်ဆောင်ရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ဆောင်းပါး၊ကဗျာ၊တေးသီချင်း၊ပန်းချီ၊ကာတွန်း၊ပိုစတာ၊ဓာတ်ပုံနှင့်ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲများဖိတ်ခေါ်

ရန်ကုန် ဧပြီ ၂၀

**မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၅ ခုနှစ် ဇွန်၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့်လက်ရာများကို ဖိတ်ခေါ်ထားသည်။**

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးအထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ မူးယစ်ဆန့်ကျင်အောင်ပွဲဆင်၊ စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်၊ မူးယစ်ကင်းစင်အလှဆင်တို့ဖြစ်သည်။

### ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုတိုပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

### ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

### တေးသီချင်းပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်းသို့မဟုတ် အဖွဲ့နှင့်သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွား သီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါ အကြောင်းအရာတင်ပြပုံ ဦးတည်ချက် မှန်ကန်၍ စကားလုံး ကျစ်လျစ်ထိရောက်ရပါမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းကို ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master သို့မဟုတ် CD Master နှင့်အတူ စာသားကွန်ပျူတာဖြင့် ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတ မူရင်း တစ်ရွက်နှင့်အတူ ပေးပို့ရမည်။

### ကဗျာပြိုင်ပွဲ

ကဗျာပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းမိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ အတွင်းရှိရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့်ပတ်သက်၍ အသက်(၁၀)နှစ်အောက်၊ (၁၀)နှစ်မှ(၁၅)နှစ်အောက်၊ (၁၅)နှစ်မှ(၂၀)နှစ်အောက်၊ အသက်(၂၀)နှစ်အထက်ဟူ၍ လေးဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ အသက် အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

### ဓာတ်ပုံပြိုင်ပွဲ

ဓာတ်ပုံပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၀ x ၁၄ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူး ယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။ (မှတ်ချက်– ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်ကို ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့ကို ပူးတွဲလျက် ပေးပို့ရမည်။)

### ကွန်ပျူတာပန်းချီပြိုင်ပွဲ

ကွန်ပျူတာပန်းချီပြိုင်ပွဲကို ပြည်နယ်၊ တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပရမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် ၈၊၉၊၁၀ တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် ၅၊၆၊၇ တန်း ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်အတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ (က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာ အမျိုးအစားဖြင့်ရေးဆွဲရန်၊ (Software°°Programmeကို Corel-draw,°°Photoshop,°Clarif°Office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်သည်။) (ခ) ရေးဆွဲချိန် ၂ နာရီသတ်မှတ်ရန်၊ (ဂ) Floppy Disk နှစ်စုံကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။ (ရေးဆွဲသည့်ပုံကို ဓာတ်ပြားတစ်ချပ်တည်း၌ ထည့်သွင်းရန်အတွက် သိမ်းဆည်းရာတွင် Win Zip ဖြင့် EXE ပုံစံနှင့် အကျဉ်းချုံ့၍ ပို့ရမည်။) (ဃ) ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ကွန်ပျူတာတက္ကသိုလ်(လှိုင်နယ်မြေ)၌ မေ ၂၂ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲကို ပြည်နယ်၊ တိုင်းများ၌ အသက် (၁၅)နှစ်အထက် အလွတ်တန်းတစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင် CD များကို ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာတင်သွင်းနိုင်ပြီး ကာတွန်း၊ပန်းချီ၊ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

### ပူးတွဲပေးပို့ရမည်

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် ပြည်နယ်၊ တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်၊ တိုင်းအလိုက် ပြိုင်ပွဲများမှ တစ်ဆင့် ဝင်ရောက် ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်၊ တိုင်းများအနေဖြင့် သင့်လျော်သည့်နေ့ရက် သတ်မှတ်ပြီး ကျင်းပကြရမည်။

### ရေးဆွဲယှဉ်ပြိုင်

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲအတွက် ရန်ကုန်တိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အထက(၂)လသာ မြညီလာခန်းမ၌ မေ ၂၅ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကာတွန်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ပန်းချီနှင့် မေ ၂၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပိုစတာ လက်တွေ့ ရေးဆွဲယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးမြမြ မူးယစ်ဗဟိုရုံး ပြည်ထဲရေးဝန်ကြီးဌာန (ဆရာစံလမ်းနှင့်စက်မှု(၁)လမ်းထောင့်) ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင်ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာလက်ရာများကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

### ပြိုင်ပွဲဝင် စာမူနှင့်လက်ရာများ

ပြိုင်ပွဲဝင် စာမူနှင့်လက်ရာများကို မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက် သတ်မှတ်ချက်များမှာ (က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ မေ ၂၀ ရက် အရောက်၊ (ခ) တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ မေ ၂၅ ရက်အရောက် ပေးပို့ရမည်ဖြစ်သည်။

စာမူတေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသောစာမူနှင့်လက်ရာများကို ဇွန် ၁၈ ရက်တွင် ကြေညာ၍ ပထမ၊ဒုတိယနှင့် တတိယဆုရသူများကို ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့သို့ ဖိတ်ခေါ်ပြီး ဇွန် ၂၆ ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာပြည်နယ်၊ တိုင်းများမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ကြောင်းနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့်သီကုံးရေးဆွဲ ရိုက်ကူးမှုကိုမဆို လွတ်လပ်စွာပြုလုပ်နိုင်ကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။ **(သတင်းစဉ်)**



ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရပ်ကွက်သံဃဒါန ဆွမ်းလောင်းအသင်းနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ၏ သတ္တမ အကြိမ်မြောက် သက်ကြီး ဝါကြီး ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၉ ရက်က ကျင်းပရာ အဘိုး အဘွား ၆၇ ဦးတို့အား လှူဖွယ်ပစ္စည်းဖြင့် ပူဇော် ကန်တော့ကြစဉ်။ (က-ပ)

# ပြင်ဦးလွင် သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၊ Myanmar PGA နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က ကြီးမှူး၍ ၂၀၀၅ ခုနှစ် (၄၇)ကြိမ်မြောက် ပြင်ဦးလွင် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၂ ရက်မှ ၁၅ ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**

ပြိုင်ပွဲ၏ Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ၂၈၂ ချက်ဖြင့် မင်းနိုင်(Srixon)က ပထမ၊ စုစုပေါင်း ၂၈၄ ချက်ဖြင့် စိုးကျော်နိုင်(Srixon)က ဒုတိယရရှိပြီး စုစုပေါင်း ၂၈၆ ချက်ဖြင့် အောင်ဝင်း(YCDC)က တတိယရရှိသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်း ၂၉၂ ချက်ဖြင့် ဘိုဘို(YCDC)က ပထမ၊ စုစုပေါင်း ၃၀၄ ချက်ဖြင့် ခင်မောင်တိုး(သစ်တောရေးရာ)က ဒုတိယရရှိပြီး စုစုပေါင်း ၃၀၅ ချက်စီဖြင့် သက်လွင်(မိုးကုတ်)နှင့် အောင်ဝင်း(မုံရွာ)တို့က တတိယရရှိသွားကြသည်။

ရွှေအဆင့်ပြိုင်ပွဲတွင် ခင်မောင်မြင့် (သစ်တောရေးရာ)က ပထမ၊ အောင်ဝင်း(သစ်တောရေးရာ)က ဒုတိယ၊ ငွေဝင်း(အကောက်ခွန်)က တတိယရရှိသွားသည်။

ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ၄၅၆ ချက်ဖြင့် Captain အောင်ဝင်း ခေါင်းဆောင်သော YCDC အသင်းက ပထမရပြီး စုစုပေါင်း ၄၅၆ ချက်ဖြင့် Captain သိန်းမြင့် ခေါင်းဆောင်သော သစ်တောရေးရာ အသင်းက ဒုတိယရရှိသွားသည်။

ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ၄၈၆ ချက်ဖြင့် Captain ဗိုလ်မှူးကြီးစိုးဝင်း ခေါင်းဆောင်သော ပြင်ဦးလွင်(ဆ)အသင်းက ပထမရပြီး စုစုပေါင်း ၄၉၈ ချက်ဖြင့် Captain ကျော်ငွေကို ခေါင်းဆောင်သော ပြင်ဦးလွင်(က)အသင်းက ဒုတိယရရှိသွားသည်။

ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ၅၁၃ ချက်ဖြင့် Captain စိုးနိုင် ခေါင်းဆောင်သော ပြင်ဦးလွင် (ဓ)အသင်းက ပထမရပြီး စုစုပေါင်း ၅၂၉ ချက်ဖြင့် Captain ဗိုလ်မှူးခမ်းမော် ခေါင်းဆောင်သော ပြင်ဦးလွင် (စ)အသင်းက ဒုတိယရရှိသွားသည်။

တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ Han Golf Masters Pte., Ltd. မန်နေဂျင်းဒါရိုက်တာ Professional Golfer ဦးချမ်းဟန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများအား ဆုများကို ချီးမြှင့်ပေးအပ်သည်။

**ကူညီပံ့ပိုး**

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Kaung Myat Co., Ltd., Rothmans of Pall Mall Myanmar Pte., Ltd., Myanmar Brewery Co., Ltd., Srixon၊ AK Group, Mandalay Golf Association, Eden Group Co., Ltd., Han Golf Masters Pte., Ltd. တို့က ကူညီပံ့ပိုးပေးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က တာဝန်ယူဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



၂၀၀၅ ခုနှစ် (၄၇)ကြိမ်မြောက် ပြင်ဦးလွင် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရွှေအဆင့် ပြိုင်ပွဲ၌ ပထမ ရရှိသော YCDC အသင်းအား တပ်မတော် နည်းပညာ တက္ကသိုလ် ကျောင်းအုပ်ကြီး ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ရွှေဖလားဆု ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်မြင်းစီးအားကစားသမားများ လေ့ကျင့်

**ရန်ကုန် ဧပြီ ၂၀**

၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ပဏာမမြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမားများအား ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

ပဏာမမြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမားများကို နည်းပြဆရာအဖြစ် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဦးငြိမ်းကျော်က တာဝန်ယူနည်းပြပေးလျက်ရှိသည်။ ပဏာမမြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမား ရှစ်ဦးရွေးချယ်ထားရာ အမျိုးသားအားကစားသမားများအဖြစ် သိန်းဝင်း(စက်မှု-၁)၊ ဘခန့်၊ သန်းလှိုင်၊ အောင်အောင်၊ ကျော်ကျော်မြင့်ထူး(ရန်ကုန်တိုင်း)၊ ကျော်လွင်၊ ညွှန့်တင်(ပြည်ထဲရေး)၊ အမျိုးသမီးအားကစားသမားအဖြစ် အိသက်မွန်(ရန်ကုန်တိုင်း)တို့ ပါဝင်ကြသည်။

ပဏာမမြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမားများသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းရှိ ရန်ကုန်မြင်းစီးအသင်း၌ ပုံမှန်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

# ပရီမီယာလိဂ်ပွဲစဉ်(၃၃)နှင့် (၃၄) ဆက်လက်ယှဉ်ပြိုင် မစ်ဒယ်ဘရော့နှင့် ဖူလ်ဟမ်၊ ဘော်လတန်နှင့် ဆောက်သမ်တန် သရေကျ

လန်ဒန် ဧပြီ ၂၀

**အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၃)အဖြစ် မစ်ဒယ်ဘရော့နှင့် ဖူလ်ဟမ်၊ ပွဲစဉ်(၃၄)အဖြစ် ဘော်လတန်နှင့် ဆောက်သမ်တန်တို့ ဧပြီ ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ မစ်ဒယ်ဘရော့နှင့် ဖူလ်ဟမ်တို့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ကြသကဲ့သို့ ဘော်လတန်နှင့် ဆောက်သမ်တန်တို့လည်း တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ကြသည်။**

**မစ်ဒယ်ဘရော့နှင့် ဖူလ်ဟမ်**

ယခုနှစ်ဘောလုံးရာသီ၌ အဝေးကွင်းရလဒ်မကောင်းသည့် ဖူလ်ဟမ်ကို မစ်ဒယ်ဘရော့တို့ အိမ်ကွင်းတွင် အနိုင်ရအောင် မကစားနိုင်ခဲ့ပေ။ အသင်းကြီးများကို အခက်အခဲတွေ့အောင် ကစားတတ်သော မစ်ဒယ်ဘရော့သည် အိမ်ကွင်း၌ကစားရာတွင် ခြေစွမ်းပြ ကစားနိုင်သော်လည်း တိုက်စစ်မှူးများဖြစ်သည့် နီမက်၊ ဟက်ဆယ်ဘမ့်စ်၊ ဇန်ဒမ်နှင့် ဒေါင်းနင်းတို့ အဆုံးသတ် ဂိုးသွင်းညံ့ဖျင်းမှုကြောင့် အနိုင်ဂိုးများ မရရှိခြင်းဖြစ်သည်။

ဘယ်ညာ တောင်ပံများမှ ဒေါင်းနင်းနှင့် ဇန်ဒမ်တို့ အစွမ်းကုန် ထိုးဖောက် ကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများက ထိရောက်သော ထိုးဖောက်ဂိုးသွင်းမှုများ မပြုလုပ်နိုင်ခဲ့ပေ။ မစ်ဒယ်ဘရော့တို့ အနိုင်ဂိုး စောစီးစွာသွင်းယူနိုင်ရေး အတင်းဝင်အတင်းထွက် ထိုးဖောက်ကစားမှုကြောင့် ပွဲချိန် ၅၅ မိနစ်တွင် ဖူလ်ဟမ်ဂိုး၏ ၂၂ ကိုက်အကွာတွင် အလွတ်တည် ပြစ်ဒဏ်ဘောကန်ခွင့်ရရာ ယင်းဘောကို ဘိုအာမော်တီက လူတံတိုင်းအပေါ် ကျော်ပြီး ကန်သွင်းခဲ့သော်လည်း ဂိုးသမား ဗန်ဒါဆား ပုတ်ထုတ်ကာကွယ်ခဲ့သဖြင့် နစ်နာခဲ့ရသည်။

မစ်ဒယ်ဘရော့တို့ ဖူလ်ဟမ်အသင်းအား ဖိကစားထားနိုင်သော်လည်း အဆုံးသတ်ဂိုးသွင်းမှု ပိုင်နိုင်စွာ မရရှိရာ ကန်သွင်းခွင့်ရရှိသည့် အခွင့်အရေးများကိုလည်း ဖူလ်ဟမ်ဂိုးသမား ဗန်ဒါဆား ကာကွယ်နိုင်မှုကြောင့် ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။

ဖူလ်ဟမ်အသင်း အလယ်တန်း ကစားကွက်ကို တည်ပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် ၈၂ မိနစ်တွင် ဖူလ်ဟမ် တိုက်စစ်မှူး မက်ဘရစ်က တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန်ပြီးခါနီးမှ တစ်ဂိုးပေးလိုက်ရသဖြင့် မစ်ဒယ်ဘရော့တို့ ချေပဂိုးရရှိရေး အစွမ်းကုန်တိုက်စစ်ဆင်ကစားရာ မိနစ် ၉၀ တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိရာ ယင်းဘောလုံးကို ဇန်ဒမ်က ကန်သွင်းယူခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။

မစ်ဒယ်ဘရော့ ယခုပွဲ သရေကျခဲ့သဖြင့် (၃၃)ပွဲကစားပြီးချိန်တွင် ၄၇ မှတ်ရရှိပြီး အဆင့်(၇)နေရာတွင် ရှိနေသည်။

**ဘော်လတန်နှင့် ဆောက်သမ်တန်**

လာမည့်ဘောလုံးရာသီချန်ပီယံလိဂ်ဝင်ရန် အားပြိုင်နေသော ဘော်လတန်က ယခုပွဲ အိမ်ကွင်း၌ သရေကစားခဲ့သဖြင့် တန်းစီဇယား ပဉ္စမနေရာသို့ တက်လာနိုင်ခဲ့သည်။ ဘော်လတန်အသင်း ယခုနှစ် ဘောလုံးရာသီ၌ အိမ်ကွင်းရလဒ်ကောင်းအောင် ကစားနိုင်ခဲ့ရာ ယခုပွဲသည် အိမ်ကွင်းတွင် ငါးပွဲမြောက် သရေပွဲဖြစ်သည်။

စပိဒ်၊ အိုကိုချာ၊ ဒိုင်အုတ်ဖ်နှင့် ကီဗင်နိုလန်တို့ဖြင့် တိုက်စစ်ဖွင့်ကစားရာ အလယ်တန်းမှ ကင်ဒီလာနှင့် ဂီရာနာကိုပေါ်လို့စ်တို့ပါ ရှေ့နောက် လိုက်ပါဖြည့်ဆည်းကစားနိုင်မှုကြောင့် ၂၅ မိနစ်မှာပင် အလယ်တန်းလူ ဂီရာနာကိုပေါ်လို့စ်က ဘော်လတန်အတွက် အဖွင့်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ဘော်လတန်တို့ အဖွင့်ဂိုးရရှိပြီး ထပ်မံဂိုးသွင်းနိုင်ရေး ဖိကစားနိုင်သော်လည်း ဆောက်သမ်တန် နောက်ခံလူများက လျင်လျင်မြန်မြန် ဖျက်ထုတ်နိုင်မှုနှင့် ဘော်လတန် တိုက်စစ်မှူးများ ဂိုးသွင်းဆန္ဒစောမှုကြောင့် ဂိုးထပ်မံမရရှိဘဲ ဖြစ်ခဲ့ရသည်။

ဆောက်သမ်တန်တို့ ချေပဂိုးရရှိရေးအတွက် ဘယ်ညာတောင်ပံများမှထိုးဖောက်ကစားရာ ဘော်လတန်နောက်ခံလူများ မနားတမ်းဖျက်ထုတ်နေရာမှ ၆၉ မိနစ်တွင် ကီဗင်ဖီးလစ်က ဆောက်သမ်တန်အတွက် ချေပဂိုးသွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီ သရေဖြစ်နေခဲ့သည်။

ဘော်လတန်တို့ အနိုင်ဂိုး ထပ်မံသွင်းယူနိုင်ရေး နိုလန်အစား ဒါးဗစ်၊ ကင်ဒီလာအစား ဂတ်နာ၊ ကိုပေါ်လို့စ်အစား ဂျေဒီတို့ ဝင်ရောက်ကစားခဲ့သော်လည်း အနိုင်ဂိုး ထပ်မံ မသွင်းနိုင်ဘဲ တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်ခဲ့ရသည်။

ဆောက်သမ်တန်တို့ (၃၄)ပွဲကစားပြီးချိန်တွင် ၂၈ မှတ်သာ ရရှိသေးရာ လက်ရှိအချိန်တွင် တန်းစီဇယား၌ အဆင့် ၁၇ တွင် ရပ်တည်နေသော်လည်း တန်းဆင်းဇုန်အတွင်း ဆင်းသက်ရန် ခြေလှမ်းပြင်နေရပြီ ဖြစ်သည်။ **(အင်တာနက်)**



**ပရီမီယာလိဂ် ပွဲစဉ်(၃၃) အဖြစ် မစ်ဒယ်ဘရော့နှင့် ဖူလ်ဟမ်တို့ပွဲတွင် မစ်ဒယ်ဘရော့မှ ဇန်ဒမ်နှင့် ဖူလ်ဟမ်မှ ကောလ်လင်းဂျွန်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**ပရီမီယာလိဂ် ပွဲစဉ်(၃၄) အဖြစ် ဘော်လတန်နှင့် ဆောက်သမ်တန် တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဘော်လတန်မှ ကိုပေါလို့စ်** (ဝဲ-ဒုတိယ) **က ဆောက်သမ်တန်ဘက်သို့ ဂိုးသွင်းယူလိုက်စဉ်။** (ဓာတ်ပုံ-အင်တာနက်)

# မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးအဖွင့်မင်္ဂလာဓမ္မသဘင် အထူးတရားပွဲဖိတ်ကြားလွှာ

**"သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။"**

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာနာကြားရသူတိုင်း အထက်ပါအကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍ - ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ နှစ်ဦးအဖွင့် မင်္ဂလာဓမ္မသဘင်ကို တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဒါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

| ဟောကြားမည့်ဆရာတော်ကြီးများ | ဟောကြားမည့်နေ့ရက် |
|---|---|
| စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(D. Litt) | ၁၃၆၇ ခု၊ တန်ခူးလပြည့်နေ့ စနေနေ့ (၂၃-၄-၂၀၀၅) |
| ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁၃၆၇ ခု၊ တန်ခူးလပြည့်ကျော် (၁)ရက် တနင်္ဂနွေနေ့ (၂၄-၄-၂၀၀၅) |
| ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ (ကျောက်တလုံးတောရ) | ၁၃၆၇ ခု၊ တန်ခူးလပြည့်ကျော်(၂)ရက် တနင်္လာနေ့ (၂၅-၄-၂၀၀၅) |
| စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ | ၁၃၆၇ ခု၊ တန်ခူးလပြည့်ကျော်(၃)ရက် အင်္ဂါနေ့ (၂၆-၄-၂၀၀၅) |

**အထူးတရားပွဲအစီအစဉ်**

**ကျင်းပမည့်နေ့ရက်**

၁၃၆၇ ခု၊ တန်ခူးလပြည့်နေ့မှ တန်ခူးလပြည့်ကျော် (၃)ရက်နေ့ထိ

**ကျင်းပမည့်နေရာ**

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်

**ကျင်းပမည့်အချိန်**

ညစဉ် (၇) နာရီ

## သာသနာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းစီစဉ် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပညာပေးသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၀

**သာသနာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းဓမ္မာရုံ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် အမှူးပြုသော ဆရာတော်များ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စတုတ္ထနှစ်သင်တန်းသား သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်း နည်းပြဆရာများ၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သင်တန်းသား လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ထားဝယ်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တပ်ကုန်းဆရာတော် ဘဒ္ဒန္တစန္ဒသီရိက ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြာမြင့်မည်**

အဆိုပါ သင်တန်းသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စတုတ္ထနှစ်သင်တန်းသား သံဃာတော် ၆၆ပါးနှင့် လူပုဂ္ဂိုလ် ၁၀ဦးတို့ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ဧပြီ ၂၀ရက်မှ မေ ၁၉ ရက်အထိ တစ်လကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

**သာသနာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**အလှူတော် မင်္ဂလာ**

**ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး မူလပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအား ရည်စူးကုသိုလ်အဖြစ် ဥပသမ္ပဒ၊ ပဗ္ဗဇ္ဇ၊ ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲအလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၈ရက်က ကျိုက္ကစံလယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ ကျင်းပစဉ်။** (မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား

**၂၁-၄-၂၀၀၅ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ အကပဒေသာ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Happy and Educational English˚Summar˚Course MRTV (Seniar Class)
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၇း၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၄၀ ၈။ တေးဂီတအစီအစဉ်
၁၇း၅၀ ၉။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"** (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဆလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)
၁၈း၀၀ ၁၀။ နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၁၅ ၁၁။ မူဟန်သွယ်သွယ် ဆိုကြမယ်
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၂၃)
၁၉း၃၅ ၁၅။ တေးဂီတအစီအစဉ်
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **"အချစ်ရေကျေးဇူးပဲ"** (အပိုင်း-၁) ရန်အောင်၊ မျိုးသန္တာထွန်း၊ မေသကြိန် (ဒါရိုက်တာ-မောင်နီလွင်-သပြု)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် တနင်္ဂနွေနေ့နှင့် နောက်ဆုံးပတ် တနင်္ဂနွေနေ့တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ် ဧပြီလအတွက်

နောက်ဆုံးပတ် တနင်္ဂနွေနေ့ (၂၄-၄-၂၀၀၅ရက်)နေ့

၂၀၀၅ခုနှစ် မေလအတွက်

(၈-၅-၂၀၀၅ရက်)နေ့နှင့်
(၂၉-၅-၂၀၀၅ရက်)နေ့

# မိုင်းယူမြို့ ဝမ်ဖော်အတွင်းလမ်း

## ကျောက်ချောလမ်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်

မိုင်းယူ ဧပြီ ၅

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယူမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဝမ်ဖော်အတွင်းလမ်း ကျောက်ချောလမ်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောက်ရွက်နေမှုကို မတ် ၁၇ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ လက်ထောက်အင်ဂျင်နီယာ ဦးအောင်နေလင်းနှင့် အဖွဲ့တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအငယ်တန်း အင်ဂျင်နီယာ(၂) ဦးဝင်းဦးက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။**

အဆိုပါ ဝမ်ဖော်အတွင်းလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၀သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အရှည်ပေ ၇၀၀နှင့် အကျယ် ၁၂ပေရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**






# တပ်မတော်နေ့ဂုဏ်ပြု ပြည်မြို့နယ်တွင် စက်ရေတွင်းဖွင့်

## ကြို့ကုန်းကျေးရွာ သောက်သုံးရေဖူလုံပြီ

ပြည် ဧပြီ ၁၀

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၃ရက်က ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် တက်ရောက်သည်။**

### ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာမှူး ဦးစိုးသန်းက စက်ရေတွင်း ဆောင်ရွက်ထားရှိမှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်း တင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ဖွင့်ပွဲအထိမ်းအမှတ်အလံအား ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါစက်ရေတွင်းမှာ အနက်ပေ ၃၈၀ရှိပြီး တစ်နာရီ ရေဂါလန် ၁၅၀၀ထွက်ရှိရာ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ် ၁၂၇၆၁၃၄ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် နွေအခါ ကြို့ကုန်းကျေးရွာသည် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာ ရရှိပြီဖြစ်သည်။

### ရွှေကြို့ပင်လမ်းဖွင့်ပွဲ

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် သဲကုန်းမြို့သို့ ရောက်ရှိပြီး နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရွှေကြို့ပင်လမ်း ဖွင့်ပွဲသို့ တက်ရောက်သည်။

### အကုန်အကျခံဆောင်ရွက်

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ လမ်းသည် အရှည်ပေ ၅၅၀၀၊ အကျယ်ပေ ၃၀ရှိပြီး ၂၀၀၄-၂၀၀၅ခုနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၁၉ ဒသမ ၅သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သော လမ်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

# ပဲခူးမြို့နယ်တွင် ပညာ့အလင်းရောင်စာကြည့်တိုက်ဖွင့်

ပဲခူး ဧပြီ ၈

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့နယ် သာယာအေးကျေးရွာ ပညာ့အလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှသိန်း၊ကျေးရွာ ဥက္ကဋ္ဌ ဦးအောင်ပွဲနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဆန်းလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော စာအုပ်များကို ခရိုင်ဦးစီးမှူး ဒေါ်လှသိန်းက ပညာ့အလင်းရောင်စာကြည့်တိုက်တာဝန်ခံ ဦးဝင်းကိုအားလည်းကောင်း၊ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော စာအုပ်များကို အလုပ်အမှုဆောင်ဦးသန့်ဇော်ဝင်းက ပညာ့အလင်းရောင်စာကြည့်တိုက် တာဝန်ခံ ဦးဝင်းနောင်အား လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

**(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)**

# ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်



**တောင်တွင်းကြီးမြို့ ရွာလေးကုန်းကျေးရွာတွင် ဆောက်လုပ်လျက် ရှိသော ကျေးလက် အိမ်ရာစီမံ ကိန်း ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)

# ကြီးကြပ်ဆောင်ရွက်

**မြဝတီမြို့ အမှတ်(၃)ရပ်ကွက် အနော်ရထာလမ်းရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတား ဆောက်လုပ်ခြင်း လုပ်ငန်းကို မတ် ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ လက်ထောက် အင်ဂျင်နီယာ ဦးစတင့်ဝေနှင့် အမှတ်(၃) ရပ်ကွက်ဥက္ကဋ္ဌတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ် စည်ပင်)

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**မန္တလေး ဧပြီ ၅**

မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက် အောင်ချမ်းအေးဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် မဟာနွယ်စဉ်ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးဝင်းကို တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်ရေရရှိရေး အလှူရှင် စက်ရေတွင်းဖွင့်

**နတ်မောက် ဧပြီ ၂**

နတ်မောက်မြို့နယ် သားမျှား (မြောက်) ကျေးရွာ ကျေးလက်ရေ ရရှိရေး နဝမအကြိမ် အလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃ ရက်က အဆိုပါစက်ရေတွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်နှင့် အလှူရှင်ဒေါ်တင်တင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**



### ဖူလုံစွာရရှိ

အဆိုပါစက်ရေတွင်းမှာ အနက်ပေ ၁၇၀တွင် ရေထွက်နှုန်း တစ်နာရီ ရေဂါလန် ၇၅၀ထွက်ရှိပြီး ကျေးရွာပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိ ပြီးဖြစ်သည်။ အလှူရှင်ဒေါ်တင် တင်ရွှေ (တွဲဖက်ညွှန်ကြားရေးမှူး- အငြိမ်းစား) ဗဟိုစာရင်းအင်းအဖွဲ့ ရန်ကုန်မြို့မှ လှူဒါန်းငွေကျပ် ၈၈၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



# နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏အေးချမ်းသာယာရေးကို နှောင့်ယှက်အန္တရာယ်ပြုလာသည့် ပြည်ပြေး စဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များထုတ်ပြန်

ရန်ကုန် ဧပြီ ၂၀

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အများပြည်သူတို့၏အေးချမ်းသာယာရေးကို အနှောင့်အယှက်အန္တရာယ်ပြုလာသည့် ပြည်ပြေး စဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်များကို ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင် ကန့်ကွက်သော သဘောထား ကြေညာချက်များကို အသီးသီးထုတ်ပြန်ခဲ့ကြသည်။ အဆိုပါအဖွဲ့အသီးသီး၏ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို အန္တရာယ်ပြုခြင်း ဖြစ်၍ ပြင်းထန်စွာရှုတ်ချကန့်ကွက်ပြီး ယင်းတို့၏ကြေညာချက်ကို လုံးဝလက်မခံကြောင်း ကြေညာသည်။

၂။ ယင်းပြည်ပြေးအဖွဲ့နှင့် ယင်းအဖွဲ့နှင့်ဆက်နွှယ်သည့် အခြားအဖွဲ့အစည်းများအား ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့် မတရားအသင်း ကြေညာခြင်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တစ်ခဲနက်ကြိုဆို ထောက်ခံသည်။

၃။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ချမှတ်ထားသော အသင်းကြီး၏ ဦးတည်ချက်နှင့် အညီ အဖျက်သမားအန္တရာယ်မှန်သမျှကို ၂၁ သန်းကျော်သော အသင်းဝင်တို့၏ စွမ်းအား၊ စည်းလုံးမှု အင်အားဖြင့် တွန်းလှန်ဖယ်ရှားသွားမည်ဖြစ်သည်။

၄။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ဦးတည်၍ တည်ဆောက်နေရာတွင် နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုဟူသော အကျိုးရလဒ် ကောင်းများ ထွန်းကားလာသည်ကို ထင်ရှားစွာ မြင်တွေ့နေရပြီဖြစ်သည်။

၅။ ယခုအခါ နိုင်ငံတော်တွင် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပင်မမဏ္ဍိုင်ကြီးများ ဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များအတိုင်း စွမ်းစွမ်းတမံ ကြိုးပမ်းဖော်ဆောင်နေချိန်လည်း ဖြစ်ပါသည်။

၆။ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်း ရရှိလာချိန်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင်အကောင်အထည်ဖော်နေသည်ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီလူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေးသို့ ဦးတည်နေပြီဖြစ်ပါသည်။

၇။ နိုင်ငံတော်တွင် ဤကဲ့သို့အဘက်ဘက်က ဖွံ့ဖြိုးလာချိန်တွင် ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်သည် အဖျက်အမှောင့်လုပ်ရပ်သက်သက်သာဖြစ်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အပြင်းအထန်ဆုံးပြစ်တင်ရှုတ်ချကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်**
**၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၀) ရက်**

---

**❐ နိုင်ငံတော်တွင် အဘက်ဘက်က ဖွံ့ဖြိုးလာချိန်တွင် ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်သည် အဖျက်အမှောင့်လုပ်ရပ်သက်သက်သာဖြစ်။**

**❐ ပြည်ထောင်စု ပြိုကွဲရေးသို့ ဦးတည်စေသော၊ တိုင်းရင်းသား အချင်းချင်း နားလည်မှုလွဲစေသော၊ ပြည်ထောင်စု ခွဲထွက်ပြီး သီးခြားနိုင်ငံထူထောင်မည့် လွတ်လပ်ရေးကြေညာချက်ကို လုံးဝ မထောက်ခံ။**

## ရှမ်းပြည်တပ်မတော်(SSA)အထူးဒေသ(၃)နှင့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)တို့၏ သဘောထားထုတ်ပြန်ကြေညာချက်

**ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၀) ရက်**

၁။ ၁၇-၄-၂၀၀၅ရက်နေ့တွင် ပြည်ပရောက် လူတစ်စုတို့က ရှမ်းပြည်လွတ်လပ်ရေးကြေညာချက် စတင်ထုတ်ပြန်ကြောင်း သတင်းနှင့်ပတ်သက်ပြီး ကြားသိရပါသည်။ ထိုထုတ်ပြန်ကြေညာချက်အပေါ် မိမိတို့ အပစ်အခတ်ရပ်ဆိုင်းကာ ငြိမ်းချမ်းရေးရယူထားသော လက်နက်ကိုင်ရှမ်းပြည်တပ်မတော် အထူးဒေသ(၃)(SSA)နှင့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)တို့မှ ထားရှိသော သဘောထားကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ မိမိတို့ ရှမ်းပြည်တပ်မတော်နှင့် ရှမ်းပြည်အမျိုးသားတပ်မတော်တို့သည် နိုင်ငံရေးပြဿနာ များကို ငြိမ်းချမ်းစွာ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူ ထားသော အဖွဲ့အစည်းဖြစ်ပါသည်။ မိမိတို့သည် ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးအပေါ် အခြေခံပြုလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တန်းတူညီတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်ထောင်စုစစ်စစ်မှု အပေါ်တွင် ရပ်တည်ထားပါသည်။

၃။ ထို့ကြောင့် ပြည်ထောင်စုပြိုကွဲရေးသို့ ဦးတည်စေသော၊ တိုင်းရင်းသားအချင်းချင်းနားလည်မှု လွဲစေသော၊ ပြည်ထောင်စုခွဲထွက်ပြီး သီးခြားနိုင်ငံထူထောင်မည့် လွတ်လပ်ရေးကြေညာချက်ကို မိမိတို့ ရှမ်းပြည်တပ်မတော်(SSA) ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)နှင့် ရှမ်းပြည်အမျိုးသား တပ်မတော်(SSNA)တို့မှ ကန့်ကွက်ပါကြောင်း၊ လုံးဝမထောက်ခံပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဦးကောင်တိုင်း**
**ဥက္ကဋ္ဌ (ကိုယ်စား)**
**ဗဟိုကော်မတီဝင်**
**SSA အထူးဒေသ (၃)**

---

## ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့၏ သဘောထားကြေညာချက်

၁။ ပြည်ထောင်စု စိတ်ဓာတ်နှင့် ရှမ်းပြည်နယ်(စည်းလုံးမှု)စိတ်ဓာတ်ကို ရှင်းလင်းပြတ်သားစွာ သက်သေခံခဲ့သော ပင်လုံစာချုပ်တွင် ရှမ်းပြည်နယ်ကို ရှမ်းတိုင်းရင်းသားတစ်မျိုးတည်း ကိုယ်စားပြု နေခြင်းမဟုတ်ကြောင်း တိုင်းရင်းသား ရှမ်းအပါအဝင် ပအိုဝ်း၊ ပလောင်၊ ဓနုနှင့်အင်းသားစော်ဘွားကြီးများ လက်မှတ်ထိုးခဲ့ခြင်းကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွပိုင်ဆိုင်သော ရှမ်းပြည်နယ်အဖြစ် ရ.လ.လ.ဖ မှ အခိုင်အမာခံယူပါသည်။

၂။ မှားယွင်းသော လူမျိုးရေးဝါဒသည် ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးပေါင်းစုံသွေးစည်းညီညွတ်ရေးကို သွေးခွဲဖျက်ဆီးပါသဖြင့် လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသော ရှမ်းပြည်နယ် အဓွန့်ရှည်ရေးကို အန္တရာယ်ပြုစေသောကြောင့် ရ.လ.လ.ဖ မှ မည်ကဲ့သို့မျှလက်ခံမည်မဟုတ်ပါ။

၃။ ထို့ကြောင့် ၂၅-၃-၂၀၀၅ရက်နေ့တွင် စဝ်ခမ်ဖဦးစီးအဖွဲ့မှ ရှမ်းပြည်ထောင်စုအစိုးရဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ အားလုံး၏ သဘောဆန္ဒ မပါခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီးပြိုကွဲစေမည့် လုပ်ရပ်ဖြစ်ခြင်းကြောင့် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့မှ လုံးဝ အသိအမှတ်မပြု၊ လက်မခံပါကြောင်း ကြေညာ အပ်ပါသည်။

**ဦးတာကလယ်**
**ဥက္ကဋ္ဌ**
**ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့**

**ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၀) ရက်**

စာမျက်နှာ (၈-၉) သို့